# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 18 January 2025 ၁၁၇၀၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ထောက်ပံ့မှုများဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳




ကြေးမုံ

# စိုက်ပျိုး၊ မွေးမြူ၊ စက်မှုကဏ္ဍမြှင့်တင် နိုင်ငံတော်နှင့်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်များတွင် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး”နှင့် “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး”ကို ချမှတ်ထားသည်။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အရေးကြီးသောကဏ္ဍများဖြစ်သည်။ အဆိုပါကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ ကြွယ်ဝတတ်မြောက်ကျွမ်းကျင်သော လူသားအရင်းအမြစ်များ များစွာလိုအပ်သည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတိုင်းတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျောင်းများကို နိုင်ငံအနှံ့တည်ဆောက်ဖွင့်လှစ်ပေးထားသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုး၊ မွေးမြူ၊ စက်မှုဆိုင်ရာ တက္ကသိုလ်ကောလိပ်များကို တည်ဆောက်ထားပြီး နိုင်ငံ၏ပညာရေးအပေါ်မူတည်၍ ယခုအခါ စိုက်ပျိုး၊ မွေးမြူ၊ စက်မှုအထက်တန်းကျောင်းများကို နိုင်ငံအနှံ့ဖွင့်လှစ်ပေးထားသည်။

သို့သော် မြန်မာနိုင်ငံ၏ အခြေအနေနှင့်လူဦးရေအချိုးအစားအရ တည်ဆောက်ဖွင့်လှစ်ပေးထားသော စိုက်ပျိုး၊ မွေးမြူ၊ စက်မှုဆိုင်ရာ ပညာသင်ကျောင်းများ၏ အနေအထားများမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေသေးသည်ကို တွေ့ရမည်ဖြစ်သည်။ တက္ကသိုလ်၊ ကောလိပ်အဆင့်အနေဖြင့် လူဦးရေအများဆုံးဖြစ်သော အိန္ဒိယနိုင်ငံတွင် တက္ကသိုလ်၊ ကောလိပ်ကျောင်း ၆၇ ကျောင်းရှိပြီး တရုတ်နိုင်ငံတွင် ၇၉ ကျောင်းရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၀ ကျောင်း၊ မလေးရှားနိုင်ငံတွင် ၁၄ ကျောင်း၊ ထိုင်းနိုင်ငံတွင် ၂၆ ကျောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၄၇ ကျောင်း၊ ဗီယက်နမ်နိုင်ငံတွင် ၁၆ ကျောင်းနှင့် မြန်မာနိုင်ငံတွင် စိုက်ပျိုး၊ မွေးမြူ၊ သစ်တောတက္ကသိုလ်၊ ကောလိပ် သုံးခုသာရှိသည်။

အဆိုပါ တက္ကသိုလ်၊ ကောလိပ် ပညာသင်ကျောင်းများ တိုးတက်မှုအခြေအနေအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုဆိုင်ရာ ထုတ်ကုန်အဆင့်အတန်း မြင့်မားမှုအခြေအနေကို လက်တွေ့မြင်တွေ့နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုကြည့်လျှင် အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ထုတ်ကုန်များမှာ မြန်မာနိုင်ငံထက် အရည်အသွေးအဆင့်အတန်းမြင့်မားနေသဖြင့် ဈေးကွက်တွင် ထိုနိုင်ငံထုတ်ကုန်ပစ္စည်းများသည် ဈေးကွက်ဝင်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး ရေခံမြေခံကောင်းများရှိပြီးဖြစ်သော်လည်း အတတ်ပညာ၊ နည်းပညာဖွံ့ဖြိုးမှုဘက်တွင် အားနည်းနေဆဲဖြစ်၍ ပြည်တွင်းပြည်ပဈေးကွက်တွင် အခြားနိုင်ငံများနှင့်ယှဉ်လျှင် ဦးဆောင်အခြေအနေသို့ မရောက်သေးသည်ကိုတွေ့နိုင်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသူတောင်သူများအနေဖြင့် ရှိပြီးရေခံမြေခံပေါ်တွင် သမားရိုးကျလုပ်ကိုင်ကြသူများမှာ အများစုဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် အော်ဂဲနစ်ဓာတုဗေဒ၊ အင်အော်ဂဲနစ်ဓာတုဗေဒ၊ ရူပဓာတုဗေဒ၊ ဓာတ်ခွဲဓာတုဗေဒဘာသာရပ်များသည် အရေးပါသဖြင့် နိုင်ငံတကာစိုက်ပျိုးရေးတက္ကသိုလ်၊ ကောလိပ်များတွင် အလေးထားသင်ကြားပေးလျက်ရှိသည်။ သီးနှံအထွက်ကောင်းစေရန်သာမက ရာသီဥတုဆိုးရွားမှုဒဏ်ခံနိုင်ရန်အတွက် အပင်ဇီဝသုတေသနပြုခြင်းဆိုင်ရာတို့ကိုပါ သင်ကြားသုတေသနပြုနေကြသည်။ ထို့ပြင် အပင်များဆိုင်ရာ ဇီဝဓာတုဗေဒဘာသာရပ်ကို ထပ်မံခွဲထုတ်ထားသည့် အောင်မြင်နေသော ဘာသာရပ်များရှိသည်။ စိုက်ပျိုးရေးအတွက်အသုံးချရသော မြေဆီလွှာဆိုင်ရာ သိပ္ပံဘာသာရပ်များလည်းရှိသည်။

အဆိုပါဘာသာရပ်များအနက်မှ အချို့ကို မြန်မာနိုင်ငံတွင် သင်ကြားပေးလျက်ရှိသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှ ဖြည့်ဆည်းပေးနိုင်မည့် လိုအပ်နေသေးသော ခေတ်စနစ်နှင့်အညီ နိုင်ငံတကာတွင် ပြောင်းလဲသင်ကြားနေသော ဘာသာရပ်အသစ်များ၊ စိုက်ပျိုးရေးဆိုင်ရာဌာနအသစ်များ ထပ်မံဖွင့်လှစ်ပေးရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တစ်ကျောင်းတည်းရှိပြီး အဆိုပါတက္ကသိုလ်ကြီးတွင် ဘာသာရပ်အသစ်များဖြည့်ဆည်းပေးရန်သာမက နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်ကြီးများကဲ့သို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် သင့်တော်သလို ခွဲဝေသုတေသနပြုသင်ကြားပေးနိုင်လျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူများစွာပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူထားသည့်ကာလအတွင်းမှာပင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြင့်မားတိုးတက်လာအောင် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ အရည်အသွေးမြင့်မားစွာ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာနည်းပညာများကို နိုင်ငံတကာနှင့်တန်းတူမျှဝေပေးနိုင်သည်နှင့်အမျှ နိုင်ငံ့လူမှုစီးပွား မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထက်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခွန်အယူခံခုံအဖွဲ့ရုံး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဥက္ကဋ္ဌရုံးဝန်ကြီးဌာန ( ၃ ) |
| (ခ) | ဦးကျော်စိုးမိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူငယ်ရေးရာဦးစီးဌာန<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ဦးမျိုးကျော်သူ<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |

## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

**၁၇ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၂၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၁၀၀ | ၅၇၃ | ၄,၅၈၅,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၉၃၀ | ၂,၉၃၁,၈၅၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၂ | ၁၇,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၅၂၉ | ၁,၀၀၅,၁၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၅၀၃ | ၂,၅၁၉,၉၅၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၂ | ၈,၂၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁၁၃ | ၃၆၇,၂၅၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၁,၅၀၀ | ၄,၅၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**✳ ရှေ့ဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတာဝန်ယူ ဆောင်ရွက်ချိန်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်သည် နိုင်ငံတော်၏ ရည်မှန်းချက်၊ နိုင်ငံရေးမျှော်မှန်းချက်များဖြစ်ကြောင်း၊ ဦးတည်ချက်(၉)ရပ်သည် မူဝါဒများဖြစ်ပြီး အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်အနှစ်ချုပ်ပင်ဖြစ်ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ကြည့်ရန်လိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင်ဖြစ်ကြောင်း၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခြင်းသည် အမျိုးသားရေးရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ချမှတ် ဆောင်ရွက်ထားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်ကို ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သုံးသပ်ကြည့်စေလိုကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ခေတ္တဝင်ရောက်တာဝန်ယူရသည့် အစိုးရတစ်ရပ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် ၎င်းတို့နိုင်ငံတိုးတက်ရေးအတွက် အမြဲတမ်းစဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း နောက်တွင်မကျန်ခဲ့စေရန်အတွက် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်လို**

နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် KG + 9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်း (Agro Base Industry) ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျ စိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ၎င်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒေသအလိုက်ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သော မြန်မာ့ယဉ်ကျေးမှု အတတ်ပညာရပ်များကို ဆက်လက် ထိန်းသိမ်းနိုင်ရန်အတွက်လည်း လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဥပမာအားဖြင့် ယွန်းအတတ်ပညာကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအတတ်ပညာများကို တတ်မြောက်သည့် ယွန်းအတတ်ပညာရှင်များလည်း စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက်အခြေခံလိုအပ်သည့် အသိပညာ၊ အတတ်ပညာများ သင်ကြားနေသည့်ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့စရိတ်များကိုလည်း ထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးစီမံ ဆောင်ရွက်လျက်ရှိကြောင်း။

**ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်လို**

ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့သော်အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပဓိရုပ်များ ကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ ဆရာ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး၊ ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးထားကြောင်း၊ ဆရာ ဆရာမများအား အသိအမှတ်ပြုရန်၊ ချီးမြှင့်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ လူငယ်များနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်အတွင်း ကျောင်းပေါင်းစုံအားကစားပွဲများ၊ အမျိုးသားအားကစားပွဲတော်နှင့် တပ်မတော်အားကစားပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ရခြင်းသည် ကျန်းမာသန်စွမ်းသည့် လူငယ်လူရွယ်များဖြစ်စေရေး၊ အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုချစ်သည့်စိတ်၊ နိုင်ငံတော်ကို ကာကွယ်လိုသည့်စိတ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်နေကြစေလိုကြောင်း။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

ရှေ့လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များအရ လူဦးရေအနေဖြင့် ကျဆင်းလျက်ရှိပြီး ၅၁ သန်းကျော်ခန့်သာ ရှိသည်ကို တွေ့ရှိရကြောင်း၊ မွေးဖွားနှုန်းကျဆင်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာသူများပြားလာခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် သေဆုံးမှုများရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လူဦးရေကျဆင်းမှုကြောင့် ပြည်တွင်းလုပ်သားများ ရှားပါးလာကြောင်း၊ အလားတူ ရွေးကောက်ပွဲ ကျင်းပရာ၌လည်း အတိုင်းအတာတစ်ခုအနေဖြင့် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေမျိုးဖြစ်ရန်အတွက် ဖိဖိစီးစီးဖြင့် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် အဆင့်နှင့်အညီလွှတ်တော်အစည်းအဝေးလုပ်ဆောင်နိုင်စွမ်းရှိရမည်ဖြစ်ပြီး သိက္ခာရှိသည့် လွှတ်တော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ✳

- **ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ**
- **အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေရာခိုင်နှုန်းများ လျော့နည်းနေသေးကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းမှုရှိသည့် မြို့နယ်တိုင်းတွင် ကျောင်းနေရာခိုင်နှုန်းများမြင့်မားစေရေး ဆောင်ရွက်သွားရန်လို**
- **မိမိတို့အစိုးရတာဝန်ယူချိန်တွင် စာသင်ကျောင်းများ၏ ဥပဓိရုပ်များကောင်းမွန်ရေးနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ ဆရာ ဆရာမများအတွက် အကျိုးခံစားခွင့်များရရှိစေရေး၊ ရရှိထားသည့်ဘွဲ့များအလိုက် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးထား**

✻ စာမျက်နှာ ၃ မှ

**ဒေသထွက်**
**စားသောက်ကုန်ပစ္စည်းများ၊**
**အဝတ်အထည်ပစ္စည်းများကို အရည်**
**အသွေးမြင့် ထုတ်ကုန်များအဖြစ်**
**ထုတ်လုပ်နိုင်သည့်အတွက်**
**ဈေးကွက်ပိုမိုရရှိလာပြီး**
**လူမှုစီးပွားဘဝများသည်လည်း**
**တိုးတက်လာမည်**

မိမိအနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ယခင်ထက်ပိုမိုထုတ်လုပ်လာနိုင်သည်ကို တွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကို အခြေခံသည့်ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိသည့် ထုတ်ကုန်ပစ္စည်းများ ကုန်ကြမ်းမပြတ်ရရှိရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီတို့နှင့်ပတ်သက်၍ MSME လုပ်ငန်းများတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ဆန်နှင့်ပဲများသည် ဈေးကွက်ရရှိပြီး ဖြစ်သဖြင့် ယခုထက် အရည်အသွေးပိုမိုကောင်းမွန်သည့် ဆန်နှင့်ပဲများ တင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ဂုဏ်သတင်းရှိပြီးဖြစ်သည့် ပေါ်ဆန်းမွှေးဆန် ရောင်းအားမြှင့်တင်ရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးထုတ်ပေးခဲ့ပြီး ထပ်မံ၍လည်း **MSME ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီး ထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန်မြှင့်တင်ပေးသွားမည်ဖြစ်**ကြောင်း၊ ဒေသတွင်းနေထိုင်သည့် လူဦးရေနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက် မည်ဆိုပါက အသားငါးများ ဈေးနှုန်းကြီးမြင့်မှုကို တတ်နိုင်သမျှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ယူဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊**
**ကျန်းမာမှ အလုပ်လုပ်နိုင်မည်**
**ဖြစ်သဖြင့် ပြည်သူများ၏ကျန်းမာရေး**
**ကဏ္ဍမြှင့်တင်ရေး အထူးအလေးထား**
**ဆောင်ရွက်ပေးသွားရန်လို**

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟု မူဝါဒချမှတ်ပေးထားပြီးဖြစ်သော်လည်း အချို့သောဆေးရုံများ၌ ဆရာဝန်များ မရှိကြောင်း သိရှိရသဖြင့် သက်ဆိုင်ရာနယ်မြေများအလိုက် စိစစ်ဆောင်ရွက်တင်ပြသွားရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းအခက်အခဲများကို နိုင်ငံတော်က ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည် ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးကို အထူးအလေးထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အသောက်အစား၊ အစားအသောက်နှင့် အသုံးအစွဲများကို လျှော့ချဆောင်ရွက်သွားမည်ဆိုပါက တစ်ဦးချင်းစီ၊ မိသားစုတစ်စုချင်းစီအတွက် အကျိုးရှိစေနိုင်သည်သာမက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသနှင့်နိုင်ငံ၏အကျိုးနှင့်ပတ်သက်ပါက ပြောသင့်ပြောထိုက်သည်များကို မဖြစ်မနေပြောဆိုရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို တွန်းတွန်းတိုက်တိုက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုပြီး ရည်မှန်းချက်များကို ခိုင်ခိုင်မာမာဖြင့် ရပ်တည်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

> ☆ **မိမိတို့အနေဖြင့် တိုင်းပြည်စီးပွားရေးကောင်းမွန်စေရေး ကိုယ့်အားကိုယ်ကိုး၍ ဆောင်ရွက်ရမည်**
>
> ☆ **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်၍ အရည်အသွေးကောင်းမွန်သည့် ပို့ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်**
>
> ☆ **ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို**
>
> ☆ **ဈေးကွက်သုတေသနကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက်လည်း ဆောင်ရွက်နေရမည်**

**အသီးသီးရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ဧကလျာထားမှုနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး တိုးချဲ့စိုက်ပျိုး ဆောင်ရွက်ထားမှုအခြေအနေများ၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့နိုင်မှု အခြေအနေများ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာအဆင့် ပညာသင်ကြားသင်ယူမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု ပိုမိုလွှမ်းခြုံနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အသားငါးကဏ္ဍ ဖူလုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ စက်မှုဇုန်များ တိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ထားမှုများ၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကောက်ခံရရှိမှု အခြေအနေများ၊ ပြည်ပကုန်သွယ်မှုနှင့် နိုင်ငံခြားငွေရရှိမှု အခြေအနေများ၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး မြှင့်တင်ဆောင်ရွက်နေမှုနှင့် ခရီးသွားဧည့်သည်ဝင်ရောက်မှု အခြေအနေများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်နေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုနှင့် သုံးစွဲမှုအခြေနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကဏ္ဍအလိုက် ချေးငွေများ ထုတ်ချေးပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ အဝေးသင်ပညာရေးသည် နိုင်ငံတကာတွင်လည်း အောင်မြင်နေသည့် ပညာရေးစနစ်တစ်ခုဖြစ်ပြီး ယခင်ကလည်း အရေးပေးဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအဝေးသင်ပညာရေးစနစ်တွင် ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်မှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ MSME လုပ်ငန်းတွင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် ကော်ဖီတို့ကို အရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင်ကုန်ကြမ်းများ အလုံအလောက်ထွက်ရှိပြီးဖြစ်သဖြင့် နည်းပညာနှင့် အရင်းအနှီးကြီးမားစွာ ဆောင်ရွက်ရန်မလိုသည့်စက်ဘီး၊ ဆိုင်ကယ်တို့တွင် အသုံးပြုသည့် တာယာနှင့် ကျွတ်များ အများအပြား ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အရည်အသွေးမြင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည့်ရေရရှိရေးတွင် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိကြောင်း၊ မြစ်ကြီးများအနီးတွင် ရှိသည့်ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းရပ်အလိုက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ရေတင်စီမံကိန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းလိုအပ်ချက်များအလိုက် ဆိုလာစီမံကိန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ **နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း။

**အကြမ်းဖက်သမားများ၏**
**တိုက်ခိုက်မှုများကြောင့်**
**ယာယီနေရပ်စွန့်ခွာနေကြရသည့်**
**ပြည်သူများအတွက် အမျိုးသား**
**သဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲရေးရန်ပုံငွေမှ**
**လိုအပ်သည့်ပံ့ပိုးမှုများ**
**ဆောင်ရွက်ပေးရန်စီစဉ်ဆောင်ရွက်**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သည့် **အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအတွက်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းများကောက်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေး၊ အခြေခံပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံရေးသည် စီးပွားရေးမဟုတ်သော်လည်း စီးပွားရေးသည် နိုင်ငံရေးနှင့် နိုင်ငံ့အရေးပင်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး အဘက်ဘက်မှ အားကောင်းလာမည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းအောင်အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

> ☆ MSME **ထုတ်ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာကောင်းသည့် နယ်ပယ်များနှင့် ဒေသများတွင် အရင်းအနှီးများလိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းအနှီးထုတ်ချေးပေးခြင်းဖြင့် လုပ်ငန်းအရှိန် မြှင့်တင်ပေးသွားမည်**
>
> ☆ **နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမှုလုပ်ငန်းများအတွက် အရင်းအနှီး လိုအပ်ချက်များကိုလည်း နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေး သွားမည်**




✢ ကျောဖုံးမှ

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်တွင်းမှပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခုထုတ်ကုန်တစ်ခု အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

**အခွင့်အလမ်းများ ရရှိစေရန် ကျင်းပခြင်းဖြစ်**

ထို့အပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကို လေ့လာပြီး လိုအပ်သည်များ ပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန်အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများ သိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့် ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှတစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလို ချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များ ရယူနိုင်မည့်အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့်အလမ်းများ ရရှိစေရန် ကျင်းပခြင်းလည်းဖြစ်ကြောင်း။

MSME ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ထုတ်လုပ်မှုလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာနှင့် မိမိတို့နိုင်ငံတွင် Customer Behavior Changes၊ Technology၊ Information၊ Investment၊ Market Trend များ ပြောင်းလဲလာမှုကိုလည်း သိရှိနားလည်နိုင်ရန် ဆွေးနွေးပွဲများ ထည့်သွင်းပေးခြင်း၊ Digital စနစ် ကူးပြောင်းနေမှု၊ Online Banking စနစ် ဆောင်ရွက်နေမှုတို့အား သိရှိနားလည်လာစေပြီး ကုန်ပစ္စည်း ဝယ်ယူ/ ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင် ပစ္စည်းဝယ်ယူမှုစနစ်မှ Online Marketing စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက်ပြည်သူများ၏ နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများ စသည်တို့ကို သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကို သိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက Online Marketing နှင့် Online Payment စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်မည်ဖြစ်ကြောင်း။

> ❖ Digital **စနစ်ကူးပြောင်းနေမှု၊** Online Banking **စနစ် ဆောင်ရွက်နေမှုတို့အား သိရှိနားလည်လာစေပြီး ကုန်ပစ္စည်းဝယ်ယူ / ရောင်းဝယ်မှုတွင်လည်း ယခင်ဆိုင်များတွင် လူကိုယ်တိုင်ပစ္စည်းဝယ်ယူမှုစနစ်မှ** Online Marketing **စနစ်သို့ ပြောင်းလဲလာမှုအခြေအနေများ၊ ထုတ်ကုန်ပစ္စည်းအပေါ် ဒေသအလိုက် ပြည်သူများ၏ နှစ်သက်မှုနှင့် သုံးစွဲမှုအခြေအနေများ စသည်တို့ကို သိရှိနိုင်အောင် ကြိုးစားဆောင်ရွက်နေကြရမည်**
>
> ❖ **ထို့ပြင် ဈေးကွက်ပြောင်းလဲလာမှုကို သိရှိပြီး လိုက်ပါဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဆိုပါက** Online Marketing **နှင့်** Online Payment **စနစ်များကိုလည်း ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်မည်**

**ကြိုးစားဆောင်ရွက်**

ထို့အပြင် MSME ပြပွဲ၊ ပြိုင်ပွဲများမှတစ်ဆင့် ထွက်ရှိလာသည့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များထွက်ပေါ်လာပြီး အဆိုပါထွက်ပေါ်လာသည့် အရည်အသွေးမီကုန်ပစ္စည်းများကို ပြည်ပသို့ ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြားငွေရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရာတွင် တင်ပို့မည့်နိုင်ငံများ၏ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှုစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့ မိမိထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင် General Administration of Customs of the People's Republic of China(GACC) ရရန် လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များ သိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

> ❖ MSME **လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် တင်ပို့မည့်နိုင်ငံများ၏ ကုန်ပစ္စည်းလိုအပ်ချက်နှင့် တင်ပို့မှု စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ နိုင်ငံတကာက လက်ခံနိုင်မည့် ကုန်သွယ်မှုဆိုင်ရာအချက်အလက်များ ဥပမာအားဖြင့် တရုတ်နိုင်ငံသို့ မိမိထုတ်ကုန်ပစ္စည်းတင်ပို့မှုတွင်** General Administration of Customs of the People's Republic of China (GACC) **ရရန် လိုအပ်မှုအပြင် အလားတူ အခြားနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များကိုလည်း သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်**
>
> ❖ **သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများက သတင်းအချက်အလက်နှင့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းရှင်များ သိရှိနိုင်အောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးကြရမည်**

ယခုကျင်းပသည့် MSME ပြပွဲ၊ ပြိုင်ပွဲသည် လုပ်ငန်းကော်မတီက ဦးစီးကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ယခင်ကျင်းပပြုလုပ်ခဲ့သည့် အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး ချို့ယွင်းချက်၊ အားနည်းချက်နှင့် အခက်အခဲများ မဖြစ်ပေါ်စေရန်အတွက် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် ကျန်းမာရေး၊ လုံခြုံရေးကို အထူးဂရုစိုက်စိစစ်ပြီး သေသေချာချာ တိတိကျကျ စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအစီအစဉ်၊ ဝန်ကြီးဌာနများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှပြခန်းများ၊ ပါဝင်ပြသကြမည့် ထုတ်ကုန်အမျိုးအစားများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် ဆုချီးမြှင့်မည့်အစီအစဉ်များ ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်များတွင် လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ လုံခြုံရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ မုခ်ဦးနှင့် ပြခန်းများ တည်ဆောက်ရေးဆပ်ကော်မတီ၊ ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုဆပ်ကော်မတီ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဆပ်ကော်မတီ၊ လျှပ်စစ်မီးရရှိရေးဆပ်ကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစားပေါင်း ၃၁ မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လဟယ်မြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ခန္တီးမြို့ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၁၇

လဟယ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို) ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ တောင်တန်းသာသနာပြုဗဟိုခေါင်းဆောင် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကာ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့အတူ လဟယ်မြို့ နှစ်ခြင်းခရစ်ယာန်အသင်းသို့ သွားရောက်ခဲ့ပြီး သိက္ခာတော်ရ ဆရာတော် ဦးအထွန်းနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နာဂယဉ်ကျေးမှုပြတိုက်ခန်းမ၌ လဟယ်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက နာဂဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီများမှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးစေလိုမှုအခြေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။




မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လဟယ်မြို့မှ ခန္တီးမြို့သို့ရောက်ရှိကြပြီး ခန္တီးမြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံရာ ခန္တီးခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး က အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြ၍ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့က ဆောင်ရွက်ပေးစေလိုသည်များကို တင်ပြကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်တို့က လိုအပ်သည်များကိုရှင်းလင်းဆွေးနွေးပြောကြားကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်အတူ နယ်မြေခံတပ်နယ်ခန်းမသို့ သွားရောက်၍ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်ရန် ဘားအံမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိနေသည့် ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်း ရတနာများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်ရန် မော်လမြိုင်မြို့နယ်မြေခံ သင်တန်းကျောင်းသို့ ရောက်ရှိလာသည့် မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်း ရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၉/၂၀၂၄) သို့ တက်ရောက်မည့် သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

# ပင်္ဂလိပကၡအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် စတုတ္ထသက်တမ်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက် တတိယသက်တမ်း၏ ဒုတိယခြောက်လပတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့်ကော်မတီ၏ ဦးဆောင်မှုဖြင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆောင်ရွက်ချက်များကို သိရှိနားလည်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို ပြည်ထောင်စုအဆင့်တွင်သာမက တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ပါ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို တင်ပြကြပြီး ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက တတိယသက်တမ်း ဒုတိယခြောက်လပတ် အစီရင်ခံစာ (မူကြမ်း)အပေါ် အကြံပြုဆွေးနွေးခြင်းနှင့် ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ကြီးမြို့၌ ရေဘေးသင့် အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပေးအပ်

တောင်ကြီး ဇန်နဝါရီ ၁၇

ရေဘေးသင့် အာမခံအလုပ်သမားများအား လူမှုဖူလုံရေးကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းနှင့် အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှုအကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ လူထုအခြေပြု စုပေါင်းခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် ရှမ်းပြည်နယ် ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။



## ပြောကြား

ဦးစွာ ဒုတိယဝန်ကြီးက တိုင်ဖွန်းမုန်တိုင်း(ရာဂီ)ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ၊ သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးကာ အခြေခံလူတန်းစားများ အပါအဝင် လုပ်ငန်းရှင်များပါ စီးပွားရေး၊ လူမှုရေးထိခိုက်ခဲ့ရကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍမှ နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးခဲ့ပြီး အလုပ်သမားဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် လူမှုဖူလုံရေးအာမခံ အလုပ်သမားများကို နည်းလမ်းရှာ၍ ကူညီပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ်အတွင်း အလုပ်ဌာန ၇၀၀ ကျော်တွင် အာမခံအလုပ်သမား ၁၀၀၀၀ ကျော်ရှိသည့်အနက် အလုပ်ဌာန ၄၀ မှ ရေဘေးသင့်အာမခံအလုပ်သမား ၂၃၀ ကို လူမှုဖူလုံရေးအကျိုးခံစားခွင့် ငွေကျပ် ၂၀ ဒသမ ၆၈ သန်း နှင့် အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေကျပ် ၁၀ ဒသမ ၂၈ သန်းနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၃ ဒသမ ၇၅သန်းကို သက်ဆိုင်သူများထံ ယနေ့အခမ်းအနားတွင် ခွင့်ပြုထုတ်ပေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးရာဝန်ကြီးထံ ရေဘေးသင့် အာမခံအလုပ်သမား ၂၃၀ အတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၂၀ ဒသမ ၆၈ သန်း ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးရာဝန်ကြီးနှင့် အာမခံအလုပ်သမားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မရမ်းကုန်းမြို့နယ်၌ မီးဘေးကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲ ကျင်းပ

မရမ်းကုန်း ဇန်နဝါရီ ၁၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရှစ်မိုင်ခွဲ ဆည်မြောင်းရုံး၊ အလုပ်ရုံများ၊ ဂိုဒေါင်များနှင့် ဝန်ထမ်းအိမ်ရာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါဌာနရှိ စက်မှုအလုပ်ခွင်သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး (စက်မှုတိုင်း-၁) ဦးထွန်းအောင်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မရမ်းကုန်းခရိုင်မီးသတ်ဦးစီးမှူး ဦးရှိုင်းဝေမိုးက မီးလောင်မှုဖြစ်ပွားစေသည့် အကြောင်းရင်းများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ ရုံးဌာနများတွင် လိုက်နာသတိမူရမည့်အချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများအား မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်း၊ ဆည်မြောင်းဌာနရှိ မီးသတ်ကားများဖြင့် သရုပ်ပြမီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ကြကြောင်း သိရသည်။

ကိုရဲ(ပြန်/ဆက်)



# ဒိုက်ဦးမြို့နယ်၌ နွေစပါးစိုက်တောင်သူများထံ သွင်းအားစုများ ပေးအပ်

ဒိုက်ဦး ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့၌ သမဝါယမကဏ္ဍမှနိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့်နွေစပါးစိုက်ပျိုးသောအသင်းသားတောင်သူများသို့ သွင်းအားစုများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အမှာစကားပြောကြားပြီး သမဝါယမဦးစီးအရာရှိက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါးစီမံကိန်းကိုသမဝါယမအသင်း ၁၁ သင်း အသင်းသား ၁၄၉ ဦးဖြင့် စိုက်ဧက ၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး တောင်သူများလိုအပ်သည့်သွင်းအားစုများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များက တက်ရောက်လာသော အသင်းသား ၇၅ ဦးသို့ သွင်းအားစုများပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

# ပီလောပီနံနှင့် အစာအဆိပ်သင့်ခြင်းအကြောင်း သိကောင်းစရာ

ဒေါက်တာသံလွင်ထွန်း(ကျန်းမာရေးဝန်ကြီးဌာန)

အစာအဆိပ်သင့်ခြင်းသည် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ် လူသန်းပေါင်းများစွာကို ထိခိုက်စေသည့် အဖြစ်များသော ကျန်းမာရေးပြဿနာတစ်ခု ဖြစ်သည်။

ဗက်တီးရီးယားပိုးမွှားများ၊ ဗိုင်းရပ်စ်ပိုးများ၊ ကပ်ပါးပိုးများ စသည့်အန္တရာယ်ရှိသော ရောဂါပိုးများ သို့မဟုတ် ဓာတုပစ္စည်းများသည် အစာအဆိပ်သင့်စေသော အဓိကအကြောင်းရင်းများဖြစ်သည်။

လူသားတို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော အချို့အပင်များသည် အစာအဆိပ်သင့်ခြင်းကို ဖြစ်ပွားစေသော အကြောင်းရင်းတစ်ခု ဖြစ်ခြင်းအား လက်တွေ့လူမှုနယ်ပယ်တွင် သိရှိနားလည်နိုင်မှု နည်းပါးလျက်ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကအစားအစာတစ်မျိုးဖြစ်သော ပီလောပီနံတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ကယ်လိုရီနှင့် အာဟာရဓာတ်များစွာ ပါဝင်သော်လည်း သဘာဝအတိုင်းဖြစ်ပေါ်နေသည့် အဆိပ်အတောက်ဓာတ်များလည်း ပါဝင်သောကြောင့် မှန်မှန်ကန်ကန် မှီဝဲစားသုံးခြင်းမပြုပါက အစာအဆိပ်သင့်ခြင်းကို ဖြစ်ပေါ်စေပါသည်။ ယခုဆောင်းပါးသည် ပီလောပီနံကို မှီဝဲစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်များ အထူးသဖြင့် အစာအဆိပ်သင့်ခြင်းကို သတိထားပြီး အန္တရာယ်ကင်းရှင်းစွာ စားသုံးရန်အတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုများကို မီးမောင်းထိုးပြထားပါသည်။

**အစာအဆိပ်သင့်ခြင်း၏ လက္ခဏာများ**

မသန့်ရှင်းသော အစားအစာများ စားသုံးခြင်းကြောင့် အစာအဆိပ်သင့်ခြင်း ဖြစ်ပေါ်နိုင်ပါသည်။ အစာအဆိပ်သင့်ခြင်း၏ လက္ခဏာများမှာ ခန္ဓာကိုယ်မသက်မသာဖြစ်ခြင်း၊ ပျို့ခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဝမ်းဗိုက်နာခြင်း၊ အနည်းငယ်အဖျားတက်ခြင်းမှ ပြင်းထန်သော ဖျားနာခြင်းအထိ ဖြစ်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ အစာအဆိပ်သင့်ခြင်းကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများမှာ ဗက်တီးရီးယားပိုးမွှားများ၊ ဗိုင်းရပ်စ်ပိုးများ၊ ပိုးသတ်ဆေးများကဲ့သို့သော အန္တရာယ်ရှိသော ဓာတုဗေဒပစ္စည်းများ ပါဝင်သော အစားအစာများ စားသုံးမိခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်မှ စွန့်ထုတ်ထားသော အညစ်အကြေးများတွင် ပါဝင်သော ရောဂါပိုးများကို ထိတွေ့ကိုင်တွယ်ရာမှ တစ်ဆင့် အစားအစာများအား မသန့်ရှင်းစေပြီး ပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေသော အစားအစာနှင့်ပတ်သက်သည့် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါများ ဖြစ်ပေါ်နိုင်ပါသည်။



ပီလောပီနံသည် တောင်အမေရိကတိုက်တွင် အလေ့ကျပေါက်သည့် အပင်တစ်မျိုးဖြစ်ပြီး အာဖရိကတိုက်၊ အာရှတိုက်နှင့် လက်တင်အမေရိကတိုက်တို့ရှိ အပူပိုင်းဒေသများတွင် ရှင်သန်ဖြစ်ထွန်းစိုက်ပျိုး၍ရသောအပင်ဖြစ်ပါသည်။ ၎င်းတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော ကယ်လိုရီဓာတ်များစွာပါဝင်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် အဓိကစားသုံးသော ကာဗိုဟိုက်ဒရိတ် အရင်းအမြစ်တစ်ခုဖြစ်သည်။ ပီလောပီနံကို အမျိုးမျိုးချက်ပြုတ်ပြင်ဆင်စားသုံးနိုင်ပြီး ဟင်းလျာအမျိုးမျိုးတွင် ပုံစံအမျိုးမျိုးဖြင့် ထည့်သွင်းချက်ပြုတ်၊ ကြော်လှော်၍ စားသုံးလျက်ရှိကြပါသည်။

**သဘာဝအတိုင်းဖြစ်ပေါ်နေသည့် အဆိပ်အတောက်ဓာတ်**

ပီလောပီနံတွင်ပါဝင်သော ကယ်လိုရီဓာတ်သည် ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရကို အဓိကဖြည့်ဆည်းပေးနိုင်သော်လည်း မှန်မှန်ကန်ကန် မှီဝဲစားသုံးခြင်းမပြုပါက ၎င်းတွင်ပါဝင်သော သဘာဝအတိုင်းဖြစ်ပေါ်နေသည့် အဆိပ်အတောက်ဓာတ်များသည် လူ၏ခန္ဓာကိုယ်ကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရှိရပါသည်။ ပီလောပီနံစားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အစာအဆိပ်သင့်ခြင်းသည် ၎င်းအပင်၏ မျိုးကွဲမျိုးစိတ်များကြောင့်လည်းကောင်း၊ ပြင်ဆင်ချက်ပြုတ်မှု နည်းလမ်းမမှန်ခြင်းကြောင့်လည်းကောင်း၊ နေထိုင်ရာဒေသ၏ ရာသီဥတုပတ်ဝန်းကျင် အခြေအနေများကြောင့်လည်းကောင်း ဖြစ်ပေါ်စေနိုင်ပါသည်။

ပီလောပီနံကို စနစ်တကျ ပြင်ဆင်ချက်ပြုတ်ခြင်းမရှိဘဲ မှီဝဲစားသုံးမိပါက ၎င်းတွင်ပါဝင်သော ဆိုင်ယာနိုက်ဓာတ်ကြောင့် အစာအဆိပ်သင့်စေနိုင်ပါသည်။ လူ့ခန္ဓာကိုယ်၌ ဆိုင်ယာနိုက်ဓာတ် လွန်ကဲခြင်းကြောင့် မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်း၊ အသက်ရှူရခက်ခဲခြင်း စသော ပြင်းထန်သည့် ရောဂါလက္ခဏာများ ခံစားရနိုင်ပြီး သေဆုံးသည်အထိ ဖြစ်ပေါ်စေနိုင်ပါသည်။

ပီလောပီနံတွင် သဘာဝအတိုင်း ဖြစ်ပေါ်ပါဝင်နေသော အဆိပ်အတောက်ဓာတ်ဖြစ်သည့် ဆိုင်ယာနိုက်ဓာတ်သည် လူ့ခန္ဓာကိုယ်၏ အောက်ဆီဂျင်အသုံးပြုနိုင်စွမ်းကို အနှောင့်အယှက်ပေးကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေပါသည်။ အဆိုပါ ဆိုင်ယာနိုက်ဓာတ်ကို ပီလောပီနံ တစ်ခါစားသုံးရုံမျှဖြင့် အန္တရာယ်မဖြစ်ပေါ်စေနိုင်ဘဲ ပုံမှန်မှီဝဲစားသောက်နေပါက ဆိုင်ယာနိုက်ဓာတ်များ ခန္ဓာကိုယ်တွင် စုဝေးများပြားလာပြီး အန္တရာယ်ဖြစ်စေကာ အဆိုပါ ဆိုင်ယာနိုက်ဓာတ် လွန်ကဲလာခြင်းကြောင့် နာတာရှည်ရောဂါများဖြစ်သည့် အာရုံကြောပျက်စီးခြင်းနှင့် သိုင်းရွိုက်ရောဂါများ ဖြစ်ပေါ်စေပါသည်။

**မှန်မှန်ကန်ကန် ချက်ပြုတ်စားသုံးခြင်းဖြင့် ကာကွယ်နိုင်**

အဆိုပါ ပီလောပီနံ အစာအဆိပ်သင့်ခြင်း မဖြစ်ပွားစေရန် မှန်မှန်ကန်ကန် ချက်ပြုတ်စားသုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ပီလောပီနံအတွင်း ဆိုင်ယာနိုက်ဓာတ်ပါဝင်မှုကို လျှော့ချရန် ရေတွင် ကြာရှည်စွာစိမ်ထားပြီး အခွံခွာခြင်း၊ ၎င်းနောက် အချဉ်ဖောက်ပြီး ကြော်လှော်ချက်ပြုတ်ပြီးမှ စားသုံးခြင်းပြုလုပ်ရန် လိုအပ်ပါသည်။ ပီလောပီနံကို ရေတွင် ကြာရှည်စွာစိမ်ထားခြင်းဖြင့် အဆိပ်အတောက်များကို စွန့်ထုတ်နိုင်မည်ဖြစ်ပါသည်။ အချဉ်ဖောက်ခြင်းသည် ပီလောပီနံတွင်ပါဝင်သည့် ဆိုင်ယာနိုက်ဓာတ်များကို လျှော့ပါးစေနိုင်သော ကြောင့် ပြုလုပ်ရမည့် ထိရောက်သောနည်းလမ်း ဖြစ်သည်။ ပီလောပီနံကို အပူချိန်များများဖြင့် ကြော်လှော်ချက်ပြုတ်ခြင်းဖြင့်လည်း ဆိုင်ယာနိုက်ဓာတ်များ လျှော့ပါးစေပြီး အဆိပ်အတောက် ဖြစ်ပွားမှု နည်းပါးစေပါသည်။

ကမ္ဘာတစ်ဝန်း၌ နေရာဒေသ၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှုများ ကွဲပြားခြားနားခြင်းကြောင့် ပီလောပီနံကို နေထိုင်ရာဒေသအလိုက် ရိုးရာအစားအစာအဖြစ် ပုံစံမျိုးစုံချက်ပြုတ်စားသုံးရန် တီထွင်ခဲ့ကြပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြပါသည်။ တိုးတက်လာသော နည်းလမ်းများနှင့်အညီ စနစ်တကျ မှီဝဲစားသုံးခြင်းဖြင့် မလိုလားအပ်သော အစာအဆိပ်သင့်ခြင်းကဲ့သို့ ရောဂါများကို ကာကွယ်နိုင်ပါသည်။

**အဓိကအစာအရင်းအမြစ်တစ်ခုအဖြစ် မှီဝဲစားသုံး**

အစာအဆိပ်သင့်ခြင်းသည် ပြည်သူ့ကျန်းမာရေးအတွက် ဆိုးရွားသောအကျိုးဆက်များဖြစ်နိုင်သည့် ပြဿနာတစ်ရပ်ဖြစ်ပြီး ပီလောပီနံကို စနစ်တကျ ချက်ပြုတ်ခြင်းမပြုပါက ပြည်သူလူထု၏ ကျန်းမာရေးကို အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် အပင်တစ်မျိုးဖြစ်ကြောင်း အလေးထားမိစေရန် ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်းများစွာသည် ပီလောပီနံကို အဓိကအစာအရင်းအမြစ်တစ်ခုအဖြစ် မှီဝဲစားသုံးနေကြသော်လည်း ၎င်း၌ပါဝင်သော အဆိပ်အတောက်ဓာတ်များ လျှော့ပါးစေရေး စနစ်တကျကိုင်တွယ်ချက်ပြုတ်ပြီး စားသုံးရန်လိုအပ်ပါသည်။

ရေတွင် အချိန်ကြာရှည်စွာ စိမ်ခြင်း၊ အချဉ်ဖောက်ခြင်းနှင့် အပူချိန်ပြင်းပြင်းဖြင့် ချက်ပြုတ်ခြင်းကဲ့သို့ ရိုးရာဓလေ့နှင့် ခေတ်မီနည်းလမ်းများဖြင့် ကြော်လှော်ချက်ပြုတ် စားသုံးခြင်းဖြင့် လူ၏ခန္ဓာကိုယ်ကို ဘေးဥပဒ်မဖြစ်စေဘဲ အစာအဆိပ်သင့်မှုကင်းဝေးစေကာ အန္တရာယ်ကင်း ဘေးရှင်းစွာ စားသုံးနိုင်မည်ဖြစ်သည်။ ပီလောပီနံကို စနစ်တကျကိုင်တွယ်ချက်ပြုတ်ခြင်းနည်းလမ်းများ၊ အစာအဆိပ်သင့်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ခြင်းများကို ပြည်သူလူထုအား ပိုမိုသိရှိနားလည်အောင် ဆောင်ရွက်ခြင်းဖြင့် ပီလောပီနံကို အဓိကအစာအရင်းအမြစ်တစ်ခုအဖြစ် မှီဝဲစားသုံးနေကြသော ပြည်သူတို့၏ ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာရေးအတွက် အရေးကြီးပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



**"ပီလောပီနံ အစာအဆိပ်သင့်ခြင်းမဖြစ်ပွားစေရန် မှန်မှန်ကန်ကန် ချက်ပြုတ်စားသုံးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။ ပီလောပီနံအတွင်း ဆိုင်ယာနိုက်ဓာတ်ပါဝင်မှုကို လျှော့ချရန် ရေတွင် ကြာရှည်စွာစိမ်ထားပြီး အခွံခွာခြင်း၊ ၎င်းနောက် အချဉ်ဖောက်ပြီး ကြော်လှော်ချက်ပြုတ်ပြီးမှ စားသုံးခြင်းပြုလုပ်ရန် လိုအပ်ပါသည်။ ပီလောပီနံကို ရေတွင် ကြာရှည်စွာစိမ်ထားခြင်းဖြင့် အဆိပ်အတောက်များကို စွန့်ထုတ်နိုင်မည်ဖြစ်ပါသည်။ အချဉ်ဖောက်ခြင်းသည် ပီလောပီနံတွင်ပါဝင်သည့် ဆိုင်ယာနိုက်ဓာတ်များကို လျှော့ပါးစေနိုင်သည်။ ပီလောပီနံကို အပူချိန်များများဖြင့် ကြော်လှော်ချက်ပြုတ်ခြင်းဖြင့်လည်း ဆိုင်ယာနိုက်ဓာတ်များ လျှော့ပါးစေပြီး အဆိပ်အတောက်ဖြစ်ပွားမှု နည်းပါးစေ"**

# ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စာရင်းများကိုစစ်ဆေးနေသော ပြင်ပစာရင်းစစ်များအနေဖြင့် စာရင်းစစ်ဆေးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် အဓိကကျသော ငွေရေးကြေးရေးကဏ္ဍ၌ ပါဝင်နေသည့် ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို စာရင်းစစ်ဆေးသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြင်ပစာရင်းစစ်အဖွဲ့များ၊ မြန်မာနိုင်ငံ စာရင်းကောင်စီတို့နှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ပြင်ပစာရင်းစစ်အဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ငွေရေးကြေးရေးစနစ်တည်ငြိမ်စေရေး ထိန်းကျောင်းရာတွင်ကြီးကြပ်စစ်ဆေးသူများ၊ ပြင်ပစာရင်းစစ်များနှင့် ဌာနတွင်းစာရင်းစစ်တို့ အပြန်အလှန်ထိန်းကျောင်း ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စာရင်းများကိုစစ်ဆေးနေသော ပြင်ပစာရင်းစစ်များအနေဖြင့် စာရင်းစစ်ဆေးရာတွင် ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့်လည်း နိုင်ငံပိုင်ဘဏ်များအား စစ်ဆေးရာတွင် အဆိုပါဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပေးရန်လိုအပ်ကြောင်း၊ Audit Report များကိုလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ပေးပို့ရန်လိုကြောင်း၊ သတင်းအချက်အလက်များ ဖလှယ်ရန်နှင့်ဘဏ်များ Reporting မှန်/မမှန် စိစစ်ရန်လိုကြောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၈၈၊ ၈၉ နှင့် ၉၀ တို့တွင် ပြင်ပစာရင်းစစ်နှင့် သက်ဆိုင်သောအချက်များကို ပြဋ္ဌာန်းထားရှိသည့်အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၉) ဖြင့် ဘဏ်၏ ပြင်ပစာရင်းစစ်များဆိုင်ရာညွှန်ကြားချက်ကို ထုတ်ပြန်ထားရှိကြောင်း။

ပြင်ပစာရင်းစစ်များ၏ အရည်အချင်းပြည့်မီပြီး လွတ်လပ်စွာဆောင်ရွက်နိုင်မှု၊ စံသတ်မှတ်ချက်များနှင့်အညီ ပြုစုထားသည့် စာရင်းစစ်အစီရင်ခံစာများ ထုတ်ပြန်နိုင်မှုသည် ငွေရေးကြေးရေးစနစ်အပေါ် ပြည်သူများယုံကြည်မှုတိုးမြှင့်စေရေး အထောက်အကူပြုကြောင်း၊ ဘဏ်များကိုစစ်ဆေးစဉ် အတွင်းဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲသူများက ဥပဒေကို ချိုးဖောက်မှု၊ မလိုက်နာမှု၊ မရိုးဖြောင့်သောနည်းဖြင့် ဆောင်ရွက်ထားမှုများတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ ဗဟိုဘဏ်သို့ ချက်ချင်းသတင်းပို့ တင်ပြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် ပြင်ပစာရင်းစစ်အဖွဲ့များမှ တာဝန်ရှိသူများက စာရင်းစစ်ဆေးရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ဗဟိုဘဏ်၏ လမ်းညွှန်မှာကြားချက်များအတိုင်း ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။



**သတင်းစဉ်**

# ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက်အလားအလာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး မြန်မာနိုင်ငံမှ ဝါးထုတ်ကုန်များ ပြည်တွင်းဈေးကွက် ချဲ့ထွင်နိုင်ရေးနှင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် “ဝါးပို့ကုန်မြှင့်တင်ရေးနှင့် ပြည်ပဈေးကွက် အလားအလာ” အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ ၌ ကျင်းပသည်။



ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းမင်းက ဝါးအရင်းအမြစ်များကို အသုံးပြုခြင်းဖြင့် လူနေမှုဘဝတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကို လျှော့ချရေး၊ ပို့ကုန်အလားအလာရှိသည့် ဝါးထုတ်ကုန်ပစ္စည်းများ ကုန်သွယ်မှုမြှင့်တင်ရေး၊ ဝါးလက်မှုပစ္စည်းလုပ်ငန်းသည် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေပြီး ပြည်တွင်းခရီးသွားများသာမက နိုင်ငံခြားခရီးသွား ဧည့်သည်များကိုပါ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များကို ဆန်းသစ်တီထွင်ထုတ်လုပ်ပြီး လက်ဆောင်ပစ္စည်းအဖြစ် ထုတ်လုပ်ရောင်းချပါက ဝါးတောင်သူများနှင့်ထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည့် အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်သည့်အတွက် ဝါးပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ကအားပေးဆောင်ရွက်လျက်ရှိသည့်အတွက် ဝါးတန်ဖိုးမြှင့် လုပ်ငန်းများ ထုတ်လုပ်တင်ပို့ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ကြောင်း၊ ဝါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါးထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဝါးထုတ်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဝါးဈေးကွက်အခြေအနေများ၊ ထုတ်ကုန်များ ထုတ်လုပ်မှုအခြေအနေများ၊ ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဝါးသယံဇာတရေရှည်အသုံးချနိုင်ရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံ လက်မှုအနုပညာအသင်း၊ မြန်မာနိုင်ငံ ကြိမ်ဝါးအသင်း၊ မျှစ်နှင့် ဝါးစိုက်ပျိုးထုတ်လုပ်သူမျိုးတူစုအဖွဲ့နှင့် ဆက်စပ်ပို့ကုန်လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**

# ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစကြံ့စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Abhay Thakur၊ India Ports Global., Ltd (IPGL) ၏ မန်နေဂျင်းဒါရိုက်တာ Shri Sunil Mukundan နှင့် အိန္ဒိယနိုင်ငံသံရုံး၊ ရန်ကုန်မြို့နှင့် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၊ စစ်တွေမြို့တို့မှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၆ ရက်မှ ၁၇ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ခရီးစဉ်တွင် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သော ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစကြံ့ (KMMT-TC) စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသို့သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ စစ်တွေဆိပ်ကမ်းသည် ၂၀၂၃ ခုနှစ် မေလတွင် စတင်ဖွင့်လှစ်ပြီးချိန်မှစ၍ စားရေရိက္ခာ၊ စိုက်ပျိုးရေးသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ စက်သုံးဆီ၊ မော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် စက်ယန္တရားများ တင်ဆောင်လာသည့်သင်္ဘော အစင်းရေ ၁၅၀ ကျော် ဆိုက်ကပ်ကာ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထို့ပြင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများကို အကျိုးပြုရန်အတွက် ဒေသ၏လိုအပ်ချက်နှင့် ဦးစားပေးမှုများနှင့်အညီ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

လာမည့်နှစ်များတွင် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးစီမံကိန်းဖြစ်သော စစ်တွေဆိပ်ကမ်းသည် ကမ်းရိုးတန်းဒေသတွင်းနှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုတို့တွင် ပိုမိုအားကောင်းလာပြီး အထောက်အကူ ပြုမည်ဖြစ်ကြောင်းနှင့် ခရီးသွားလာရေးအပြင် အထူးသဖြင့် ရှေးပဝေသဏီကတည်းကရှိခဲ့သော ပြည်သူအချင်းချင်းအကြား ဆက်နွယ်မှုအရ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း နှစ်ဖက်စလုံးက သဘောတူညီကြသည်။ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစကြံ့ (KMMTTC) စီမံကိန်း၏ အကျိုးရှိမှုများကို အပြည့်အဝ အသုံးချနိုင်ရန်အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိရေးသည် အရေးကြီးကြောင်း သံအမတ်ကြီးက ပြောကြားသည်။

ထို့နောက် စစ်တွေမြို့ရှိ Sri Sri Moha Dev Bari ဘုရားကျောင်းသို့ သွားရောက်ခဲ့ပြီး အိန္ဒိယနွယ်ဖွားအသိုက်အဝန်းမှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အိန္ဒိယနွယ်ဖွားများအတွက် ကောင်စစ်ဆိုင်ရာ ဝန်ဆောင်မှုများအကြောင်းနှင့် အိန္ဒိယနှင့် ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုများ အားကောင်းလာစေရန်အတွက် ပံ့ပိုးကူညီမှုဆိုင်ရာ ကိစ္စရပ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်စိန်ခေါ်မှုများနှင့် ဆရာများ၏အခန်းကဏ္ဍ

ခင်နှင်းရည်
(ရန်ကုန်တက္ကသိုလ်)

**“ဆရာ” ဟူသောဝေါဟာရနှင့်ပတ်သက်၍ ပညာသင်ကြားပို့ချပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူ၊ အတတ်ပညာတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူပုဂ္ဂိုလ်ဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် “ဆရာ” ဟုဆိုရာ၌ အဓိက အသိပညာ၊ အတတ်ပညာ သင်ကြားပေးသည့် “အာစရိယဆရာ” နှင့် တပည့်ကို လိမ္မာယဉ်ကျေးသိမ်မွေ့အောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသည့် “ဥပဇ္ဈယ်ဆရာ” ဟူ၍ နှစ်မျိုးတွေ့ရပါသည်။ သို့ဖြစ်၍ “ဆရာ” ဟူသောဝေါဟာရသည် နှိုင်းဆချင့်ချိန် ဆုံးဖြတ်နိုင်စွမ်းရှိပြီး စောင့်ရှောက်တတ်သိပညာရှိသူကို ဆရာဟုခေါ်ဆိုခြင်းဖြစ်သည်။**

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ဆရာအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အလွန်များပြားလှပါသည်။ ဆရာများသည် အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ အာစရိယဆိုသည့်ဆရာများထံသို့ မိမိတို့၏သားသမီးများကို ယုံကြည်စွာလာ၍ အပ်နှံထားကြပေသည်။ ဤသို့ ဂုဏ်ကျေးဇူးကြီးမားလှသည့် “ဆရာ” ကို မြန်မာ့လူမှုအဖွဲ့အစည်း၌ ကြီးမြတ်သူများဟု သတ်မှတ်၍ အလေးအမြတ်ပြုကြပါသည်။

ထိုသို့ ဂုဏ်ကျေးဇူးကြီးမားလှသည့် **“ဆရာ”** သည် မြန်မာ့လူမှုအဖွဲ့အစည်းတွင် အခန်းကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်နေပါသည်။ အနာဂတ်တွင်လည်း အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် တည်ရှိနေပါသည်။ ဆရာတို့သည် မိမိတို့ကိုယ်တိုင်တတ်သိအောင် **“ပညာ”** ကို လေ့လာဆည်းပူးသင်ယူပြီး ထိုသင်ယူထားသော ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ပါသည်။

**ဝိဇ္ဇာသိပ္ပလူ့ကိစ္စ**

**“ပညာ”** ဟုဆိုရာတွင် **“ဝိဇ္ဇာ”** တည်းဟူသောအသိပညာနှင့် **“သိပ္ပ”** တည်းဟူသော အတတ်ပညာနှစ်မျိုးနှစ်စားရှိသည်။ ဆရာတော် ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့တွင် **“ဝိဇ္ဇာသိပ္ပလူ့ကိစ္စ”**ဟု သုံးနှုန်းမိန့်ဆိုခဲ့ပါသည်။ အသိပညာ၊ အတတ်ပညာ ရှာမှီးခြင်းသည် လူတို့၏ အနာဂတ်ဘဝသာယာလှပရေးအတွက် ကိစ္စဖြစ်ပါသည်။ လူတို့၏ အနာဂတ်ဘဝသာယာလှပရေး ဆရာများ၏အခန်းကဏ္ဍသည် အလွန်အရေးပါသောနေရာမှ ပါဝင်ရပ်တည်နေပါသည်။ လူ့ဘောင်အဖွဲ့အစည်း လူမှုဘဝရပ်တည်ရန်အတွက် ပညာကို သင်ကြားရပါသည်။ ပညာသင်ယူလိုသူများအတွက် ပညာကိုသင်ကြားပေးသူ ဆရာလည်း ရှိရပါမည်။

**“ဆရာ”** သည် **“ပညာ”** ကို လက်ဆင့်ကမ်း သယ်ဆောင်ပေးသူဖြစ်သည်။ ရှေးလူတို့၏သိသော အသိပညာ အတတ်ပညာတို့ကို နှောင်းလူတို့က ရယူသယ်ဆောင်ပြီးနောက် ထိုအသိပညာကို အသိသစ်၊ အတတ်ပညာသစ်တို့နှင့်ပေါင်းစပ်ကာ ခေတ်မီတိုးတက်သော ပညာရေးအဆောက်အအုံကြီးဖြစ်ရန် ပညာရပ်များ ပိုမိုမြင့်မားခိုင်မာအောင် ပြုလုပ်ရပါမည်။ သို့မှသာ ယနေ့ ကမ္ဘာတွင် အများနိုင်ငံများနည်းတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ဆရာအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းသူများ ရှားပါးလာသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် လူမှုပတ်ဝန်းကျင်တွင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေး၌ အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေသော ဆရာများကို ချီးကျူးဂုဏ်ပြုလိုသည့် ရည်ရွယ်ချက်ဖြင့် ၁၉၉၄ ခုနှစ် အောက်တိုဘာလမှ စတင်ပြီး ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၀၀ ခန့်တွင် ကမ္ဘာ့ဆရာများနေ့ကို စိတ်အားထက်သန်စွာ ကျင်းပလာခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးလေးဖွဲ့ဖြစ်သော ယူနီဆက်၊ ယူနက်စကို၊ ယူအင်န်ဒီပီ၊ အိုင်အယ်လ်အိုတို့က ၂၀၀၂ ခုနှစ်မှစ၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့ (World Teachers' Day) အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ပညာရေးကဏ္ဍ၏ နေ့ထူးနေ့မြတ်ဖြစ်သဖြင့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို မြန်မာနိုင်ငံ အပါအဝင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြပါသည်။

**❝ ဆရာသည် မိမိသင်ကြားရမည့် ဘာသာရပ်တစ်ခုတည်းကိုသာ ကျွမ်းကျင်နေရုံဖြင့် မလုံလောက်ပါ။ “သင်ခြေပညာ” သာမက “သင်ဝေပညာ” ကိုပါ ဖြည့်ဆည်းထားအပ်သည်။ “သင်ဝေပညာ” ဆိုသည်မှာ သင်ကြားမှုဝေပုံနည်းနာဖြစ်သည်။ “ဘာသင်မလဲ” ဆိုသည်ထက် “ဘယ်လိုသင်မလဲ”က ပို၍အရေးကြီးပါသည်။ သင်မည့်အကြောင်းအရာသည် အဓိကပေးမည့်ပညာဖြစ်သည်။ သို့သော် “သင်ပြနည်း” ကို မသိဘဲသင်လျှင် “ပေးကားပေး၏မရ” ဆိုသကဲ့သို့ ဖြစ်နေပါမည်။ ထို့ကြောင့် ဆရာ့အရည်အချင်းကို “သင်ဝေပညာ” ဖြည့်ဆည်းခြင်းဖြင့် မြှင့်တင်ပေးရာရောက် ❞**

**❝ ယနေ့ ၂၁ ရာစုတွင် Communication ဟုအဆိုရှိသော ဆက်သွယ်ပြောဆိုဆက်ဆံရေးသည် လောကတွင် အရေးပါဆုံးအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့ဆက်သွယ်ပြောဆိုဆက်ဆံရာတွင် ဘာသာစကားသည် အရေးပါပါသည်။**

**ဒုတိယ “C” မှာ Collaboration ဟုခေါ်သည့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ လိုက်လျောညီထွေနေတတ်ခြင်းတို့ကို ဆရာများက ကျောင်းသားများကို သင်ကြားပြသပေးရန်လိုပါသည်။**

**တတိယ “C” မှာ Critical Thinking (ဝေဖန်စဉ်းစားတတ်ခြင်း)ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးကြိုးပမ်းနေခြင်း၊ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာပြီးဆုံးအောင် မသင်ကြားခဲ့ရသူများကို ဒုတိယအကြိမ် အခွင့်အလမ်းပေးသည့်အနေဖြင့် ဒုတိယအဆင့် ကျောင်းပြင်ပ ပညာရေးတို့ ကြိုးပမ်းနေရုံသာမက အထက်ဖော်ပြခဲ့သည့် “C” သုံးလုံးတို့ကိုပါ တစ်ပါတည်းသိရှိစေရန် သင်ကြားပေးဖို့ လိုအပ် ❞**

**ပညာကိုသာမက စိတ်ကိုပါသင်ကြားပေး**

ဆရာသည် စာသင်သား၏ နောက်ခံလူမှုဘဝအခြေအနေကိုလည်း ရိပ်စားသိမြင်နိုင်ရပေမည်။ ဆရာများက တပည့်များကို နှစ်သိမ့်ခြင်း၊ ကူညီပံ့ပိုးခြင်း၊ စာနာခြင်းတို့ဖြင့် ပညာသင်ကြားရာတွင် အခက်အခဲ ဆူးငြောင့်ခလုတ်များကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ ဆရာသည် တပည့်များအား ပညာသာမက ယဉ်ကျေးမှု၊ လူ့ကိုယ်ကျင့်တရားများ၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ကိုလည်း သွတ်သွင်းသင်ကြားပေးရန်တာဝန်ရှိသည်။ လူ့ပတ်ဝန်းကျင်နှင့် သဟဇာတရှိအောင်၊ လူသားအချင်းချင်း ပေါင်းသင်းတတ်အောင်လည်း သင်ကြားပေးနိုင်ရပါမည်။ ဆရာသည် ပညာကိုသာမက စိတ်ကိုပါသင်ကြားပေးနိုင်ရပါမည်။

ဤသို့ဆိုလျှင် ဆရာသည် ဆရာ့ဘဝ၊ ဆရာ့အလုပ်ကို တန်ဖိုးထားတတ်သူဖြစ်မည်။ ဆရာသည် ဆောင်ရွက်ရမည့်တာဝန်ကို သိရမည်။ စောင့်စည်းရမည့်ကျင့်ဝတ်ကိုလည်း သိရမည်။ စကားသံအဖြစ်သာမက အမူအရာတို့ဖြင့်လည်း ပြောဆိုညွှန်ကြား သရုပ်ဖော်နိုင်ရမည်။ စာသင်ကြားပြီး စာသင်ချိန်တိုင်း အဆုံးပိုင်းတွင် ပြန်လည်ခြုံငုံသုံးသပ်တင်ပြမှုပြုရန် အရေးကြီးသည်။ ယနေ့ကမ္ဘာတွင် ဆရာများသည် မြေဖြူကိုင်သည့်ခေတ်မှ ကွန်ပျူတာ၊ ပါဝါပွိုင့်၊ ပရိုဂျက်တာတို့ဖြင့် သင်ကြားပေးသောခေတ်သို့ ပြောင်းလဲလာပြီဖြစ်ရာ ဆရာသည် နည်းပညာပိုင်းတွင်လည်း အစဉ်တိုးတက်ပြောင်းလဲနေရမည်။ သင်ထောက်ကူများနှင့် ခေတ်မီနည်းပညာများကို ကောင်းစွာအသုံးပြုနိုင်ရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉) ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော လူမှုရေးဦးတည်ချက်ကဏ္ဍ(၃)(က) တွင် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆရာများ၏ အရည်အသွေးမြင့်မားစေရန် ဆရာအရည်အချင်းများကို မြှင့်တင်နေရန် လိုအပ်ပါသည်။

ဆရာသည် မိမိသင်ကြားရမည့် ဘာသာရပ်တစ်ခုတည်းကိုသာ ကျွမ်းကျင်နေရုံဖြင့် မလုံလောက်ပါ။ **“သင်ခြေပညာ”** သာမက **“သင်ဝေပညာ”** ကိုပါ ဖြည့်ဆည်းထားအပ်သည်။ **“သင်ဝေပညာ”** ဆိုသည်မှာ သင်ကြားမှုဝေပုံနည်းနာဖြစ်သည်။ **“ဘာသင်မလဲ”** ဆိုသည်ထက် **“ဘယ်လိုသင်မလဲ”** က ပို၍အရေးကြီးပါသည်။ သင်မည့်အကြောင်းအရာသည် အဓိကပေးမည့်ပညာဖြစ်သည်။ သို့သော် **“သင်ပြနည်း”** ကို မသိဘဲသင်လျှင် **“ပေးကားပေး၏မရ”** ဆိုသကဲ့သို့ ဖြစ်နေပါမည်။ ထို့ကြောင့် ဆရာ့အရည်အချင်းကို **“သင်ဝေပညာ”** ဖြည့်ဆည်းခြင်းဖြင့် မြှင့်တင်ပေးရာရောက်ပါသည်။

ဆရာသည် အဂတိတရားကင်းစင်စေရန် လိုအပ်ပါသည်။ မိမိတို့တပည့်များကို ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာခွဲခြားမှုကင်းရပါမည်။ ကျောသားရင်သားမခွဲခြားဘဲ ဆက်ဆံတတ်သူဖြစ်ရပါမည်။

မျက်မှောက်ခေတ်ပညာရေးသည် ဆရာဗဟိုပြုပညာရေးမှသည် ကျောင်းသားဗဟိုပြုပညာရေးဘက်သို့ ပြောင်းလဲလာပြီဖြစ်သည်။ ဆရာကတပည့်များကို ပို့ချရုံသက်သက်ပညာရေးမျိုး မဟုတ်တော့ပါ။ သင်ယူမှု လွယ်ကူချောမွေ့အောင် စီစဉ်ပေးသူ၊ ကူညီသူ၊ လမ်းညွှန်သူ၊ နည်းလမ်းပြသူ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများကို လေ့ကျင့်ပြုပြင်ပေးရသူဖြစ်လာပါသည်။ ဤအရည်အချင်းများ ဆရာ့တွင်ရှိရပါမည်။

ထို့ပြင် ဆရာသည် မိမိတပည့်များအား ကြိုးစားချင်စိတ်ရှိလာအောင် လှုံ့ဆော်ပေးနိုင်ရမည်။ တပည့်များ၏ ကိုယ်ပိုင်အမြင်ကို လမ်းဖွင့်ပေးနိုင်သူဖြစ်ရမည်။ ဆရာသည် ဒေါသကင်းရမည်။ ဆရာသည် တပည့်များအား ချီးကျူးသင့်သည်ကို ချီးကျူးရမည်။ ဆုပေးဒဏ်ပေးစနစ်ကို မျှတစွာသုံးနိုင်ရမည်။ အားပေးတတ်ရမည်။ ကိုယ်တိုင်လည်း စံပြဖြစ်ရန်လိုသည့်အပြင် ကိုယ်ကျင့်တရားကောင်းရမည်။ ဆရာများသည် မိမိတို့၏ဖြစ်ချင်သည်များကို ဦးစားမပေးဘဲ တပည့်များ၏လိုအပ်ချက်ကို ဦးစားပေးနိုင်ရမည်။ စာသင်ချိန်တွင် ကြုံဆုံရနိုင်သည့် စိန်ခေါ်မှုများကို ကြိုတင်မှန်းဆဖြေရှင်းနိုင်ရမည်။

ဆရာသည် တပည့်များ၏ အနာဂတ်ကို လှပအောင် ထုဆစ်ပုံဖော်ပေးသည့် ပန်းပုဆရာနှင့်ပမာတူပါသည်။ အလှမပီသောယမင်းရုပ်က ထုဆစ်သူပန်းပုဆရာ၏ ခပ်ညံ့ညံ့ပညာကို လှစ်ဟဖော်ပြနေပါသည်။ အသက်ဝင်လှပ၍ ရှုမငြီးသောယမင်းရုပ်မှာမူ လက်ရာရှင် ပန်းပုဆရာ၏ ပါရမီပြည့်ဝသည့် အရည်အချင်း အတတ်ပညာကို ဖော်ကျူးပြသနေပါသည်။

**ဆရာ့အရည်အချင်းကိုလည်း မြှင့်တင်**

အနာဂတ်စိန်ခေါ်မှုများနှင့် ဆရာများ၏အခန်းကဏ္ဍတွင် ပညာအရည်အသွေးမြင့်မားစေရန် ဆရာ့အရည်အချင်းကိုလည်း မြှင့်တင်ရမည်ဖြစ်ပါသည်။ မိမိတို့သင်ကြားပို့ချပေးရမည့် ဘာသာရပ်ကို မကျွမ်းကျင်ဘဲ ဆရာ့တာဝန်ကိုယူမည်ဆိုပါက အရည်အချင်းရှိသော ဆရာမဖြစ်နိုင်သေးပေ။ ထို့မျှသာမက မိမိဘာသာရပ်မဟုတ်သော ဆက်စပ်ရာ အကြောင်းအရာတို့ကိုလည်း ဗဟုသုတရှိနေရမည်။ ဆရာသည် သုတေသနမပြတ်ပြု၍ အတွေးသစ် အမြင်သစ်များဖြင့် မိမိအရည်အသွေးကို မြှင့်တင်နေရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်မှ လူမှုရေးကဏ္ဍ(ဂ)တွင် “နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”ဆိုသကဲ့သို့

စာမျက်နှာ ၁၁ သို့ ❂

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**ပန်းတောင်း ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့မွန်းလွဲပိုင်းက ဝန်ကြီးများ၊ ပန်းတောင်းတပ်နယ်မှူးနှင့်အတူ ပြည်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပန်းတောင်းမြို့နယ် ဧရာဝတီမြစ်ရေဖြင့် နွေစပါးဧက ၁၀၀ စိုက်ပျိုးထားသည့် သူရဲတန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ကြိုတင်ပျိုးထောင်စနစ်ဖြင့် တစ်နှစ်လျှင် နွေစပါးနှစ်သီးစိုက်ပျိုးနိုင်ရေး အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာအုပ်စု၌ ပုသိမ်-မုံရွာကားလမ်းမှ ကျားကိုက်-သူရဲတန်းလမ်း အရှည် တစ်မိုင် ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းပခုံးသားများ အမာခံရရှိအောင်ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးနှင့် လမ်းဘေးဝဲ၊ ယာတစ်လျှောက် အရိပ်ရပြီး စားသုံး၍ရသည့် သီးပင်၊ စားပင်များ စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပြည်မြို့ MSMEs ဒေသထွက်ကုန်များ အရောင်းစင်တာသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသအလိုက် ထွက်ကုန်များ မူရင်းဈေးအတိုင်း အမယ်စုံ ရောင်းချသွားနိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် အများပြည်သူ အပန်းဖြေနေရာအဖြစ် တည်ဆောက်ထားသည့် ပြည်မြို့ ကမ်းနားလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုင်းဖြတ်မြို့နယ်၌ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်လှစ်

**မိုင်းဖြတ် ဇန်နဝါရီ ၁၇**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာရှိ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုး၊ သုဓမ္မမဏိဇောတဓရ ဦးထွန်းရွှေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်၊ မြို့နယ်စီမံကိန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်ခင်ဆွေ၊ နမ့်ယွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဒံယေလုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အမှာစကားပြောကြား**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က စာကြည့်တိုက် ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**လက်ခံရယူ**

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမျိုး၊ သုဓမ္မမဏိဇောတဓရ ဦးထွန်းရွှေနှင့် တာဝန်ရှိသူများက စာကြည့်တိုက် ဆောက်လုပ်မှု မှတ်တမ်းများ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် စာအုပ်စာစောင်များကို ပေးအပ်ရာ ဦးဒံယေလုနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး နမ့်ယွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဒံယေလုက ကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**မတည်ငွေ ကျပ်သိန်း ၁၅၀**

အဆိုပါ လင်းရောင်ခြည်စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေ ကျပ်သိန်း ၁၅၀ ဖြင့် အလျား ပေ ၂၀၊ အနံ ၁၉ ပေ(RC) တစ်ထပ်၊ စာအုပ်စာစောင်များ၊ ပရိဘောဂပစ္စည်းများ ဝယ်ယူခြင်းတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဟိုပုံးမြို့နယ်၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေး ရန်ပုံငွေပေးအပ်

**ဟိုပုံး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လေပြင်းဘေးဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်ပြင်ဆင်ခြင်းလုပ်ငန်းအစီအစဉ်အရ ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေဇင်ဝင်းအောင်က လေပြင်းဘေးကြိုတင် ကာကွယ်ရေးအတွက် ရန်ပုံငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လေပြင်းဘေး ကာကွယ်ရေး စီမံချက်အရ ဟိုပုံးမြို့နယ်ရှိ နေအိမ် ၄၀၀ အတွက် မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများဆောင်ရွက်ရန် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၆၃၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၅၂၀၀၀၀၀ ပေးအပ်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မိုး/ဇလ**

❂ စာမျက်နှာ ၁၀ မှ

ယနေ့ကမ္ဘာတွင် ရင်ပေါင်တန်းနိုင်စေရန် စာတတ်ရုံသာမက ပညာတတ်များဖြစ်စေရန် "C" ငါးလုံးကို အကြမ်းဖျင်းသိထားဖို့လိုပါသည်။ အဆိုပါ "C"ငါးလုံးမှာ-

(၁) Communication (ဆက်သွယ်ပြောဆိုဆက်ဆံခြင်း)၊

(၂) Collaboration (ပူးပေါင်းဆောင်ရွက်ခြင်း)၊

(၃) Critical Thinking (ဝေဖန်စဉ်းစားတတ်ခြင်း)၊

(၄) Creativity (တီထွင်ဆန်းသစ်တတ်ခြင်း)၊

(၅) Citizenship (ပြည်သူပြည်သားကောင်းဖြစ်ခြင်း)

တို့ဖြစ်သည်။ အဆိုပါအရည်အချင်းတို့ပါပြည့်စုံမှ စာတတ်သည်၊ ပညာတတ်သည်ဟု သတ်မှတ်သည့်သဘောဖြစ်နေပါသည်။

အထက်ဖော်ပြပါ "C" ငါးလုံးစလုံးမသိလျှင်တောင် အနည်းဆုံး "C" သုံးလုံးနှင့်ပြည့်စုံမှသာ စာတတ်မြောက်သည်ဟုဆိုရပါမည်။ သို့မှသာ အနာဂတ်တွင် ဆရာများသည် အဆိုပါစိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ယနေ့ ၂၁ ရာစုတွင် Communication ဟုအဆိုရှိသော ဆက်သွယ်ပြောဆိုဆက်ဆံရေးသည် လောကတွင်အရေးပါဆုံးအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထိုသို့ဆက်သွယ်ပြောဆိုဆက်ဆံရာတွင် ဘာသာစကားသည် အရေးပါပါသည်။

ဒုတိယ "C" မှာ Collaboration ဟုခေါ်သည့် အများနှင့်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ လိုက်လျောညီထွေနေတတ်ခြင်းတို့ကို ဆရာများက ကျောင်းသားများကို သင်ကြားပြသပေးရန်လိုပါသည်။

တတိယ "C" မှာ Critical Thinking (ဝေဖန်စဉ်းစားတတ်ခြင်း) ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးကြိုးပမ်းနေခြင်း၊ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာပြီးဆုံးအောင် မသင်ကြားခဲ့ရသူများကို ဒုတိယအကြိမ် အခွင့်အလမ်းပေးသည့်အနေဖြင့် ဒုတိယအဆင့် ကျောင်းပြင်ပ ပညာရေးတို့ ကြိုးပမ်းနေရုံသာမက အထက်တွင်ဖော်ပြခဲ့သည့် "C" သုံးလုံးတို့ကိုပါ တစ်ပါတည်းသိရှိစေရန် သင်ကြားပေးဖို့လိုအပ်ပါသည်။

ဆရာတို့၏ သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားနေမှသာ တပည့်တို့၏ တတ်မြောက်မှုအရည်အသွေးမြင့်မားလာနိုင်ပြီး မိဘအုပ်ထိန်းသူများ၏ ဖြည့်ဆည်းမှုဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကာ ဆရာတို့ကိုယ်တိုင်က သင်ကြားသင်ယူမှုနှင့်ပူးပေါင်း၍ အရည်အသွေးပြည့်ဝအောင် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရန် ကျောင်းနေပြီးနှုန်းမြင့်မားရေး၊ အတန်းကူးပြောင်းမှုနှုန်းမြင့်မားရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေးတို့အတွက် မိဘဆရာအသင်း၊ မိဘပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်လျှင် ဆရာများ၏အခန်းကဏ္ဍမှနေ၍ အနာဂတ်စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

၂၁ ရာစုပညာခေတ်တွင် ဆရာများအနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲလာသော အတွေးသစ်အမြင်သစ်များဖြင့် မိမိတို့တပည့်များကို အနာဂတ်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် ဆရာ့ထက် တတ်သိကျွမ်းကျင်သောတပည့်များ မွေးထုတ်ပေးနိုင်ပြီး အနန္တော အနန္တဂိုဏ်းဝင် ဒုတိယမိခင်ဖခင်များ၏တာဝန်ကို ကျေပွန်သည်ထက် ကျေပွန်လာမည်ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနကလည်း လမ်းညွှန်ချက်နှင့်အညီ သင်ကြားမှုအရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြင့်မားရေး၊ သိပ္ပံလက်တွေ့ခန်းများ၊ မီဒီယာခန်းများနှင့် သင်ထောက်ကူပစ္စည်းများကို ထိရောက်စွာအသုံးပြုသင်ကြားရေး၊ ကျောင်းတက်မှန်ရေး၊ လိမ္မာရေးခြားရှိပြီး နိုင်ငံ့အကျိုးပြုသားကောင်းများ ဖြစ်ထွန်းပေါ်ထွက်လာရေးအတွက် ကျရာတာဝန် ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပြီး "အနာဂတ်စိန်ခေါ်မှုများနှင့် ဆရာများ၏အခန်းကဏ္ဍ" ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀ နှင့် တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ဆေးကုသပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ဆေးကုသပေးနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး အားပေးစကား ပြောကြားကာ ဆေးရုံရှိ ခွဲစိတ်ခွဲခန်း၊ အထူးကုပြင်ပလူနာဌာန၊ အရေးပေါ်လူနာဌာန၊ ပြင်ပလူနာဌာန၊ ခွဲတ်မှန်ဌာနနှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျန်းမာရေးဝန်ထမ်းအင်အား ဖြည့်ဆည်းထားရှိပြီးဖြစ်သဖြင့် စွမ်းအားပြည့် လုပ်ငန်း ဆောင်ရွက်နိုင်ရန် ကြီးကြပ်ဆောင်ရွက်ရေး၊ လူနာဘေးကင်းလုံခြုံမှု အလေးထားဆောင်ရွက်ရေး၊ လူနာများအတွက် ခွဲတ်ခွဲစစ်ဆေး ဝန်ဆောင်မှု စနစ်တကျအားဖြည့်ဆောင်ရွက်ပေးရေးတို့ကို မှာကြားကာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၁၇**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျုံစုတ်ကျေးရွာ လောကသရဖူသွန်းဘုရားကြီး ရာပြည့်နေသိဒ္ဓိတန်ဆောင်းတော်တွင် အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၅၄ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၉၂ ဦး၊ ခွဲစိတ်ရောဂါ ၁၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၇၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၁ ဦး၊ မျက်စိရောဂါ ၅၃ ဦး၊ သွားရောဂါ ၃၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၆ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၃၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ခြောက်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း(MAJA )က ကြီးမှူး၍ ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ(ကျွမ်းကျင်အဆင့်)နှင့် ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ(အငယ်တန်းအဆင့်)တို့ကို ကျင်းပမည်ဖြစ်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲသည် ဂျပန်စာပေဘာသာပြန်သူများ ပေါ်ထွန်းလာစေရန်အတွက်ရည်ရွယ်ပြီး ဂျပန်ခေတ်ပြိုင်စာပေများကို မြန်မာဘာသာသို့ ပြန်ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များနှင့်မတူ ယခုနှစ်တွင်ကျင်းပမည့် ဘာသာပြန်ပြိုင်ပွဲကို Zoom online system ဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အတွင်း လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်(စနေနေ့)နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သည်။ ပါဝင်လိုသူများသည် Google form link URL: https://forms.gle/QGQuQoW5jwFgfytY7 တွင် ဖြည့်စွက်လျှောက်ထားနိုင်သည်။

ဂျပန်စာပေဘာသာပြန်ပြိုင်ပွဲ(အငယ်တန်းအဆင့်)သည် ဂျပန်ဘာသာအရည်အချင်း N3 အဆင့်ရှိသည့် ဂျပန်စာလေ့လာနေသူများ ဂျပန်စာပေအပေါ် စိတ်ဝင်စားမှုတိုးပွားလာစေရန်အတွက် ရည်ရွယ်ပြီး လွယ်ကူရိုးရှင်းသော ဂျပန်ဘာသာစကားဖြင့် ရေးသားထားသည့် စာမူကို မြန်မာဘာသာသို့ ပြန်ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား N3 အဆင့်ရှိသည့်ဂျပန်စာလေ့လာနေသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ဂျပန်ဘာသာ အရည်အချင်း N1၊ N2 အဆင့်ရှိသူများ လျှောက်ထား၍မရပါ။ အငယ်တန်းအဆင့်ပြိုင်ပွဲကို Zoom online system ဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် ဇန်နဝါရီ ၁၆ ရက်မှ ၃၁ ရက်အတွင်း လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်သည်။ ပါဝင်လိုသူများသည် Google form link URL: https://forms.gle/65qVKDjKGGMpdzJE8 တွင် ဖြည့်စွက်လျှောက်ထားနိုင်သည်။ ဘာသာပြန်ပြိုင်ပွဲတွင် မိမိကြိုက်နှစ်သက်ရာအဘိဓာန်ကို အသုံးပြုနိုင်သည်။ ပြိုင်ပွဲနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လျှောက်ထားသူများထံသို့ မေးလ်ဖြင့် ပြိုင်ပွဲရက်မတိုင်မီ ပေးပို့မည်ဖြစ်သည်။ စုံစမ်းမေးမြန်းလိုပါက မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း(MAJA) ဖုန်း ၀၉-၄၂၈၆၁၂၁၅၁၊ ၀၉-၂၆၂၆၀၂၁၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

**✻ အိမ်ကွင်းအိုးထရက်ဖို့ဒ်မှ**

ပထမပိုင်းပွဲကစားချိန် ၄၃ မိနစ်မှာ မန်ယူကစားသမား အူဂါတီရဲ့ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တာကနေ ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ အာမက်ဒီယာလိုဟာ ၂၀၃၀ ပြည့်နှစ် ဇွန်လအထိ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေမယ့် ငါးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုထားတာလည်းဖြစ်ပါတယ်။

အာမက်ဒီယာလိုဟာ အခုပွဲစဉ်မှာ သွင်းဂိုးသုံးဂိုး သွင်းယူပေးနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီအတွင်းမှာ သွင်းဂိုးစုစုပေါင်း ကိုးဂိုးအထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

မန်ယူအသင်းဟာ ဆောက်သမ်တန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂၁) ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၁၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်အမှတ်ပေးဇယား အောက်ဆုံးနေရာမှာပဲ ဆက်လက်ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

# ဒေါ်နယ်ထရမ့်၏ သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တရုတ်ဒုတိယသမ္မတ ဟန်ကျိန့် တက်ရောက်မည်



ပေကျင်း ဇန်နဝါရီ ၁၇

တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်သည် အမေရိကန်ရွေးကောက်ခံ သမ္မတ ဒေါ်နယ်ထရမ့်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ကြေညာသည်။

ဒေါ်နယ်ထရမ့်က သမ္မတ ရှီကျင့်ဖျင်အား ဖိတ်ကြားခဲ့ပြီးနောက် တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်သည် အထူးကိုယ်စားလှယ်အဖြစ် တက်ရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် အမေရိကန်အစိုးရသစ်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို တည်ငြိမ်စွာထိန်းသိမ်းပြီး ရေရှည်တည်တံ့သောပုံစံဖြင့် မြှင့်တင်လိုကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ နှစ်နိုင်ငံမတူကွဲပြားမှုများကို တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ကောင်းမွန်စွာ စေ့စပ်ညှိနှိုင်းရန် ဆန္ဒရှိကြောင်း အဆိုပါကြေညာချက်တွင်ပါရှိသည်။

လွန်ခဲ့သည့် ရှစ်နှစ်က ထရမ့်၏ ပထမဆုံး ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ဝါရှင်တန်မြို့တော်ရှိ တရုတ်သံအမတ်တစ်ဦးကို တက်ရောက်စေခဲ့သည်။ ယခုအကြိမ်တွင် တရုတ်ဒုတိယသမ္မတ ဟန်ကျိန့် တက်ရောက်မည်ဖြစ်သည့်အတွက် ထူးခြားသော နှစ်နိုင်ငံဆက်ဆံရေးကို ဖော်ညွှန်းနေခြင်းပင် ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသုံးသပ်သူများက ဆိုသည်။

ထရမ့်၏ "အမေရိကန်သည်သာ ပထမ"ဟူသည့် မူဝါဒကို လက်ကိုင်ထားသည့် ဒေါ်နယ်ထရမ့် ဦးဆောင်မည့် အစိုးရသစ်နှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောထားကွဲလွဲမှုများ ပိုမိုမြင့်လာမည့်အပေါ် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် အမေရိကန်နှင့် တည်ငြိမ်သောဆက်ဆံရေးကို ထူထောင်ရန် ရည်ရွယ်လျက်ရှိကြောင်း လေ့လာသူများက ပြောသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ပြင်သစ်နိုင်ငံ ပါရီမြို့တော်အကောင့်က ဆိုရှယ်မီဒီယာပလက်ဖောင်း အိပ်စ်ကို ဆက်လက်အသုံးပြုမည်မဟုတ်တော့ကြောင်း ပြောကြား

ပါရီ ဇန်နဝါရီ ၁၇

ပြင်သစ်နိုင်ငံ ပါရီမြို့တော်အကောင့်သည် ဇန်နဝါရီ ၂၀ ရက်မှစပြီး ၎င်းတို့အသုံးပြုလျက်ရှိသည့် ဆိုရှယ်မီဒီယာ ပလက်ဖောင်း အိပ်စ်ကို ဆက်လက် အသုံးပြုမည်မဟုတ်တော့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ယင်းဆိုရှယ်မီဒီယာ ပလက်ဖောင်းသည် မဟုတ်မမှန် လုပ်ကြံသတင်းများနှင့် ကြမ်းတမ်းသော မှတ်ချက်များဖြန့်ဝေရန် ကူညီပေးနေသည့်နေရာ တစ်ခုဖြစ်သည်ဟု ပါရီမြို့နေ ပြည်သူများအကြား စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။



**ကြိုက်နှစ်သက်သူပေါင်း ၂ ဒသမ ၂ သန်းရှိ**

ပါရီမြို့တော်အကောင့်သည် ဇန်နဝါရီ ၂၀ ရက်၌ အဆိုပါပလက်ဖောင်းအသုံးပြုမှုကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၆ ရက်တွင် ပါရီမြို့တော်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။ ပါရီမြို့တော်သည် ၂၀၀၉ ခုနှစ်တွင် အိပ်စ်ပလက်ဖောင်းကို စတင်သုံးစွဲခဲ့ပြီး လက်ရှိတွင် ကြိုက်နှစ်သက်သူပေါင်း ၂ ဒသမ ၂ သန်းရှိသည်။

အမေရိကန် စွန့်ဦးတီထွင်သူ အီလွန်မက်စ်ပိုင်ဆိုင်သည့် အိက်စ်ပလက်ဖောင်းသည် သတင်းအမှားများကို ချဲ့ထွင်ခြင်း၊ ဒေါသဖြစ်စရာ ကြမ်းတမ်းသည့် မှတ်ချက်များကိုပင် ပယ်ဖျက်ခြင်းမရှိဘဲ အသေးအဖွဲ အဖြစ် ယူဆခြင်းတို့ကြောင့် ပါရီမြို့တော်အနေဖြင့် အိပ်စ်ပလက်ဖောင်းကို ဆက်လက်သုံးစွဲမည်မဟုတ်တော့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မကြာသေးမီက အိပ်စ်ပလက်ဖောင်းသည် ဂျာမနီနှင့် ဗြိတိန်ကဲ့သို့သော နိုင်ငံအချို့၏ ဒီမိုကရေစီလွတ်လပ်ခွင့်ကို ဝင်ရောက်စွက်ဖက်ခဲ့ပြီး ဒီမိုကရေစီအခြေခံအုတ်မြစ်များကို ထိခိုက်ပျက်ပြားစေသည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပါရီမြို့သားများအတွက် သတင်းအချက်အလက်ပေးခြင်းဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ပါရီမြို့တော်၏ ပထမလက်ထောက်မြို့တော်ဝန်သည် အရည်အချင်း မပြည့်မီကြောင်း အိက်စ်ပလက်ဖောင်းက ပြောကြားခဲ့သည်ဟုလည်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၀ ရက်တွင် ရာထူးတာဝန်များ စတင်ထမ်းဆောင်မည်ဖြစ်ပြီး အီလွန်မက်စ်သည် အရေးပါသည့် အစိုးရအဖွဲ့ဝင်ရာထူးတစ်နေရာကို ထမ်းဆောင်ရန် စီစဉ်ထားဖွယ်ရှိသည်။

**ကြေညာ**

ဂျာမနီနှင့် ဩစတြီးယားနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်း ၆၀ ကျော်သည် အိပ်စ်ပလက်ဖောင်း သုံးစွဲမှုကို ရပ်တန့်တော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၉ ရက်တွင် ကြေညာခဲ့သည်။

တွစ်တာကို ၂၀၀၆ ခုနှစ် မတ်လတွင် ဂျက်ဒေါ်ဆေ၊ နော့ဂလက်စ်၊ ဘစ်ဇ်စတုန်းနှင့် အီဗန်ဝီလီယမ်စ်တို့က ဖန်တီးခဲ့ပြီး ဇူလိုင်လတွင် စတင်အသုံးပြုခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အသုံးပြုသူ သန်း ၁၀၀ ကျော်ရှိခဲ့သည်။ အဆိုပါကုမ္ပဏီသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် အများပြည်သူသို့ သုံးစွဲခွင့်ပေးခဲ့သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အီလွန်မက်စ်က တွစ်တာကို အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံဖြင့် ဝယ်ယူခဲ့ပြီး အိပ်စ်ဟု အမည်ပြောင်းလဲခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်ကုန်ပစ္စည်းများအပေါ် အပြန်အလှန်အားဖြင့် ကနေဒါနိုင်ငံက အခွန်စည်းကြပ်ကောက်ခံမည်

အော့တဝါ ဇန်နဝါရီ ၁၇

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်က ကနေဒါနိုင်ငံ၏ ကုန်ပစ္စည်းအားလုံးအပေါ် စည်းကြပ်ခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံမည်ဆိုပါက ကနေဒါနိုင်ငံသည်လည်း အမေရိကန်ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်ကောက်ခံသွားမည်ဖြစ်ကြောင်း ကနေဒါအစိုးရက ပြောကြားသည်။

အခွန်စည်းကြပ်ရန် အကျုံးဝင်မည့် အမေရိကန်ကုန်ပစ္စည်းစာရင်းကို ရေးဆွဲလျက်ရှိကြောင်း သိရသည်။ အခွန်စည်းကြပ်ကောက်ခံမည့် ကုန်ပစ္စည်းတန်ဖိုးသည် ကနေဒါဒေါ်လာ ၁၅၀ ဘီလီယံ ရှိပြီး ယင်းပမာဏသည် အမေရိကန်ဒေါ်လာ ၁၀၄ ဘီလီယံခန့်ရှိကြောင်း သိရသည်။ အဆိုပါပမာဏသည် အမေရိကန်နိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းများ၏ သုံးပုံတစ်ပုံနီးပါးနှင့် ညီမျှသည်။

ကနေဒါအစိုးရသည် ဝါရှင်တန်၏လုပ်ဆောင်ချက်များအပေါ် မူတည်ပြီး နောက်ထပ်လုပ်ဆောင်ချက်များကို ထပ်မံတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး မာရီဟမ်းက ပြောကြားသည်။

ကနေဒါနိုင်ငံသည် အမေရိကန်၏ ထုတ်ကုန်များကို အဓိကဝယ်ယူသုံးစွဲသည့် နိုင်ငံဖြစ်ကြောင်း ၎င်းက အမေရိကန်စီးပွားရေးရုပ်သံလိုင်း စီအင်န်ဘီစီသို့ ပြောကြားသည်။

ကနေဒါနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို အခွန်စည်းကြပ်ပါက အမေရိကန်ပြည်သူများနေဖြင့် အဆိုပါကုန်ပစ္စည်းများအပေါ် ဈေးပိုပေးရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# နမီးဘီးယားနိုင်ငံရှိ တိရစ္ဆာန်အများအပြား အရေပြားရောဂါကူးစက်ခံနေရ

နမီးဘီးယား ဇန်နဝါရီ ၁၇

နမီးဘီးယား တိရစ္ဆာန်ဆေးကုသရေး ဦးစီးဌာန (DVS) သည် နိုင်ငံအတွင်း ဒေသအများအပြားရှိ တိရစ္ဆာန်များတွင် အရေပြားရောဂါကူးစက်ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များအား ဇန်နဝါရီ ၁၆ ရက်တွင် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နမီးဘီးယားအရှေ့ပိုင်း အိုမာဟီခီဒေသ၌ ရောဂါကူးစက်ခံရသည့်တိရစ္ဆာန် ၇၃ ကောင်ရှိကြောင်း နမီးဘီးယား တိရစ္ဆာန်ဆေးကုသရေး ဦးစီးဌာနမှ ယာယီကုသရေးအရာရှိချုပ် ဂျိုဟာနီစ် ရှူပါလာက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အရေပြားရောဂါကူးစက်ခံရသည့် တိရစ္ဆာန်များကို တွေ့ရှိပါက နီးစပ်ရာ ပြည်နယ်တိရစ္ဆာန်ဆေးကုသရာဝန်များထံသို့ အမြန်ဆုံးသတင်းပို့ရန် မွေးမြူသူများကို ၎င်းက တိုက်တွန်းပြောကြားသည်။

အဆိုပါ အရေပြားရောဂါသည် ယင်၊ ခြင်နှင့်မှက်ကဲ့သို့ အင်းဆက်ပိုးမွှားများမှ ကူးစက်ခြင်းဖြစ်သည်။



ကူးစက်ရောဂါအခြေအနေပေါ်မူတည်၍ ဒေသဆိုင်ရာပြည်နယ် တိရစ္ဆာန်ဆေးကုသရာဝန်များအား ကုသရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားကြောင်းနှင့် ယင်းရောဂါဖြစ်ပွားရာဒေသတွင် ရောဂါကူးစက်ခံထားရသည့် တိရစ္ဆာန်များကို သီးသန့်ခွဲထားရန်၊ ထိတွေ့နိုင်သော တိရစ္ဆာန်အားလုံးကို ကာကွယ်ဆေးထိုးခြင်း၊ ရောဂါလက္ခဏာပြသော တိရစ္ဆာန်အားလုံးကို ချက်ချင်းကုသပေးရန် လမ်းညွှန်ထားကြောင်း နမီးဘီးယား တိရစ္ဆာန်ဆေးကုသရေးဦးစီးဌာနမှ ယာယီကုသရေးအရာရှိချုပ် ဂျိုဟာနီစ် ရှူပါလာက ပြောကြားသည်။

နမီးဘီးယားနိုင်ငံသည် ဥရောပသမဂ္ဂ၊ နော်ဝေ၊ တရုတ်၊ တောင်အာဖရိက၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများသို့ အမဲသားတင်ပို့သည့်နိုင်ငံဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၅ ရက်တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်၌ တရားမဝင် အခြားသစ် ၆ ဒသမ ၈၂၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၆၀၁၈၈ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် မီးလောင်ကုန်းကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၈၈၂ တန်၊ သစ်မာ ၁ ဒသမ ၈၁၀ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၂၈၃၃၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေ ၁၃၄၂၂၀၄၇၈ ကျပ် )ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း ၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၂၃၃၄၀၈၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်း တန်ဖိုးငွေ ၄၈၆၂၉၀၈၈၃ ကျပ်)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေ ၁၃၄၃၈၅၂၁၆၁ ကျပ်)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန် သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၈၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင် တိုးဂိတ်အနီး၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၅၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာ သည့် Mitsubishi Fuso Truck တစ်စီး၊ Hino Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၂၅၀ တန်၊ အခြားသစ် ၁ ဒသမ ၀၄၁ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၁၈၇၉၀၈ ကျပ်) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေ ၈၁၇၇၇၉၀၈ ကျပ်)ကို သိမ်းဆည်းအရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် စိုင်ကျကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်း ဂါလန် ၈၁၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၃၅၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် Toyota Dyna Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် မင်းလှကျင်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရား မဝင် ရေနံစိမ်း ဂါလန် ၅၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် "ခွဲ"တံဆိပ်ပါ အနီရောင် ထွန်စက်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၄၇၂၅၀၀၀)ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောက်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၀၆၀၅၉၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ISUZU GIGA Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀,၀၆၀,၅၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် မုဒုံမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ်၂၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု၊ (ခန့်မှန်းတန်ဖိုးငွေ ၁၉၂၉၂၈၆၇၇ကျပ် )ကို သိမ်းဆည်းရမိ ခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်း သည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်း များနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူ မည်ဝါ ဖြစ်သည်ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာ ရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချ ရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁-၂၀၂၅ စနေနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ လေ့လာစရာစုံလင် အဓိမြန်ပြည်တစ်ခွင် 'စွန့်ဦးတီထွင်မှုမှသည် စီးပွားဖြစ်ဆီ'
၀၉:၁၅ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀) ရောင်စုံပန်းများ ဝေဝေဖြာ
၀၉:၄၀ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
၁၀:၃၅ လူငယ်ရေးရာအစီအစဉ်
၁၁:၀၀ ချစ်စရာအရွယ်ကစားကြမယ်
၁၁:၃၀ တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာဖုံ' (အပိုင်း-၁၂)
၁၃:၃၀ MRTV National News
၁၆:၄၀ ပုံပြင်ကမ္ဘာအစီအစဉ်
၁၇:၀၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၄၀ မြရောင်ခြယ်ပြည်ပပို့ကုန်အမယ်
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်္ဂ
၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်္ဂ
၂၁:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၃၀ (၂၅)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (မဟာဇနကဇာတ်တော်ကြီး)(တတိယဆု) (ရောဝတီတိုင်းဒေသကြီး)(ပထမပိုင်း)

### mitv

07:02 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:09 Weekly Review
07:27 Geographic Center of Myanmar
07:48 Myanmar Family Life: Respect Household Rules
08:01 News
08:26 Yangon Markets: Nyaung Pin Lay Market
08:44 Quiz Time (Ep-82)
08:54 Mingala Prayer (Version-2)
10:01 News
10:26 Children's Delight: Mr. Owl & his three pupils
10:35 Banana Handicraft Products
10:54 K- Pop Live Show (Our Winter) Boy Group
11:01 Mote Sein Paung from Intaing Village

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဒေါင်လန်ပူးမှ အပြန်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ဆိုရိုးစကားများ

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သဲသောမှသဲသောခွါး

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
အစာအိမ်ရောဂါအကြောင်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ ကြက်ရိုးထိုးတဲ့ဓလေ့

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ကလေးများ ဖုန်းကြည့်ခြင်းနှင့် ပတ်သက်ပြီး သတိပြုရမည့်အကြောင်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ကယန်း(ဂေခို)ရိုးရာကြက်သားဝါးကျည်တောက်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဈေးကွက်ဝင် ငရုတ်ပင်စိုက်ပျိုးနည်း

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ပြည်မှ သဘာဝအလှများ

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
သေတ္တာပြုလုပ်ပုံအဆင့်ဆင့်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၉:၄၅ လူငယ်တို့အတွက် လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၉:၄၅ Sports Max
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငပေ့ငရွှေးချယ်မှု'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ကိုရီးယားနိုင်ငံ' (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၄)

### MRTV FARMERS' Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၁၅ မြန်မာချစ်တဲ့မုန့်ဟင်းခါး
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ I Started Gardening 18 Months Ago, Here's What it Looks Like Now
၁၉:၂၀ Home Vegetable Garden Tour
၁၉:၄၅ International Music Hits
၂၀:၀၀ ရွှေမင်းသမီးနှင့်တောသားကိုကို(ဇာတ်လမ်း)
၂၂:၀၀ A Year-End Medley(နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၀၀ အားကစားသတင်း
၀၇:၄၀ Soccer View
၂၀:၀၀ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Yangon United Vs Shan United)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ရေနံချောင်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

**ရေနံချောင်း ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင့်လွင်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံချောင်းရေနံမြေ စွမ်းအင်ဧည့်ရိပ်သာ(၁၇) အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများကို မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဦးစွာ ရေနံချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ရေနံချောင်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်လုပ်ငန်းများစသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ မြို့နယ်ဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ ရေနံချောင်းရေနံမြေ အထွေထွေမန်နေဂျာ ဦးလှမြင့်က ရေနံမြေလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားရာတွင် ရေနံချောင်းမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည့်ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ သီးနှံဝင်ငွေတိုးပွားရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ မွေးမြူရေးလုပ်ငန်းများတွင် စနစ်တကျမွေးမြူထုတ်လုပ်နိုင်ရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ပေကျင်းမြို့ရှိ Beijing University of Posts and Telecommunications(BUPT) ပါမောက္ခချုပ်နှင့် IT နည်းပညာကဏ္ဍ ပူးပေါင်းဖလှယ်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Beijing University of Posts and Telecommunications(BUPT)သို့ လေ့လာရေးရောက်ရှိခဲ့ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ IT နည်းပညာကဏ္ဍ ပူးပေါင်းဖလှယ်ရေး ဆွေးနွေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့အား တာဝန်ရှိသူများက သတင်းအချက်အလက် ဓာတ်ပုံနှင့် အလင်းဆက်သွယ်ရေးဆိုင်ရာ အမျိုးသားအဆင့် အဓိကသုတေသနဌာန(State Key Laboratory of Information Photonics and Optical Communications)သို့ ပို့ဆောင်ပေးပြီး တာဝန်ခံ ပါမောက္ခများက နောက်ခံသမိုင်းကြောင်းများ၊ နိုဘယ်ဆုရရှိသော သုတေသနကို ကိုယ်စားပြု၍ လိုဂိုကို ရေးဆွဲထားပုံ၊ သုတေသနဌာနကိုယ်စားပြုသီချင်းကို သီကုံးစပ်ဆိုထားပုံ၊ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်နှစ်ဦးက နိုဘယ်ဆုနှစ်ခု ရရှိခဲ့ပုံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယင်းဌာန၏ပြခန်းများတွင် Virtual Reality(VR) ပုံရိပ်ယောင်ဖန်တီးမှု နည်းပညာကို အသုံးပြုကာ လှုပ်ရှားနေသော သုံးဖက်မြင် 3D ရုပ်ပုံများနှင့် ရွေ့လျားနေသော သဘာဝပတ်ဝန်းကျင် မြင်ကွင်းများကို 3D မျက်မှန်ကို တပ်ဆင်အသုံးပြုစရာမလိုဘဲ သာမန်မျက်လုံးဖြင့်ပင် ကြည့်မြင်နိုင်သော ရုပ်လုံးရုပ်ကြွတုများအဖြစ် သုတေသနပြုဖန်တီးထားမှုများကို လေ့လာကြည့်ရှုကြပြီး ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် BUPT ပါမောက္ခချုပ် Professor XU Kun၊ ဒုတိယပါမောက္ခချုပ် Professor SU Sen၊ မဟာဌာနမှူးများ၊ ပါမောက္ခများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒုတိယဝန်ကြီးနှင့် BUPT ပါမောက္ခချုပ်တို့သည် ဉာဏ်ရည်တုနည်းပညာ(AI)၊ ဆိုက်ဘာလုံခြုံရေး (Cyberspace Security)၊ ပုံရိပ်ယောင် ဖန်တီးမှုနည်းပညာများ အပါအဝင် သတင်းအချက်အလက်နည်းပညာ(IT)ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် သုတေသနများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပညာတော်သင်များ စေလွှတ်နိုင်ရေး၊ သုတေသနပညာရှင်များနှင့် ကျောင်းသားများ အပြန်အလှန် ပူးပေါင်းဖလှယ်ရေး ဆောင်ရွက်ရန်၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့် ယခုနှစ်တွင် စိန်ရတုမှတ်တိုင်အဖြစ် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းသစ်များအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကာ နှစ်ဖက် ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်များကို အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ် ငါးလုံး ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မော်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့များက ဇန်နဝါရီ ၁၅ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့်ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး နေအိမ်ငါးလုံး ပျက်စီးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦးနှင့် ဆက်သွယ်မေးမြန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိစေရန် အဝေးမှနေ၍ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်ခြင်းများကြောင့် အဆိုပါ လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ဒေသခံပြည်သူအချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ ဖြစ်စဉ်လွဲမှားနေသည့် သတင်းများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ကျိုင်းတုံအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူများအား စာအုပ်/စာစောင်ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေး

**ကျိုင်းတုံ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံအကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူများ အသိပညာဗဟုသုတများရရှိစေရန်အတွက် Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်နှင့် ဝန်ထမ်းများက ကျိုင်းတုံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူများ စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗဟုသုတများတိုးပွားရရှိစေရန်နှင့် စာအုပ်၊ စာပေ လွယ်လင့်တကူ ဖတ်ရှုစေနိုင်ရန်အတွက် သုတ၊ ရသစာအုပ် ၂၀၀ ကို အခမဲ့ ကွင်းဆင်းငှားရမ်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ ဇန်နဝါရီ ၁၇**

MSME လုပ်ငန်းကော်မတီက ကြီးမှူး၍ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီလအတွင်း နေပြည်တော် တပေါင်းကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ အဆိုပါပြပွဲတွင် ပါဝင်ပြသနိုင်ရေး MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လာရောက်ပြသမည့် ထုတ်ကုန်များအနေဖြင့် ဒေသတွင်းကုန်ကြမ်းသုံး ထုတ်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံထုတ်ကုန်များ၊ ပြည်ပပို့ကုန်ပစ္စည်းများ၊ OROP ထုတ်ကုန်များအား ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ ကဏ္ဍအလိုက် အောင်မြင်ရေးအတွက် ကော်မတီတွင်ပါဝင်သည့် ဌာနများအနေဖြင့် အားလုံးပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထို့ကြောင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများတွင် ရခိုင်ပြည်နယ်ပြခန်း၌ ဒေသထွက်ကုန်များကို အမျိုးအစားစုံလင်စွာပြသနိုင်ရေး၊ ပြသသောပစ္စည်းများ၏ အရည်အသွေးကောင်းမွန်မှုရှိစေရေးနှင့် ပြခန်း၏အတွင်းအပြင် ဒီဇိုင်းဖန်တီးမှု ကောင်းမွန်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပါဝင်ပြသနိုင်ရေး ဆောင်ရွက်သွားရမည့်အစီအမံများနှင့် ယခင်ပြပွဲ၊ ပြိုင်ပွဲများတွင် ပြည်နယ်ကိုယ်စားပြု ပါဝင်ပြသခဲ့မှုများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲများတွင် မိမိတို့ဌာနအလိုက် ပါဝင်ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားများ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာ



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်လျက်ရှိသော လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၅)မှသင်တန်းသားသင်တန်းသူ ၂၅ ဦးတို့သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်ပတ်လည်နေ့အထိမ်းအမှတ် "နုပျိုဆန်းသစ် (၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV " Video Clip အားပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် MRTV News Channel Studio သတင်းထုတ်လွှင့်ရေး ရိုက်ကူးရေး ဆောင်ရွက်မှုနှင့် မြန်မာ့အသံ(ရေဒီယို) အသံသွင်းခန်း၌ Radio App အတွက် ရိုက်ကူးရေး ဆောင်ရွက်မှုတို့အား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင်အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ ၌ ခင်းကျင်းပြသထားမှုများကို လေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မူဆယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**မူဆယ် ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည်စုံညီပွဲတော်သီချင်း" သံပြိုင်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် မူဆယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးအောင်ကိုက ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ထို့ပြင် စုံညီပွဲတော်၌ စာပေဆုရ ကျောင်းသား ကျောင်းသူများ၊ ၂၀၂၃-၂၀၂၄ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများ၊ အတန်းအလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

**ချယ်ရီမြေ(မူဆယ်)**



# MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်းကို Dagon Port အသင်း အနိုင်ယူ



Dagon Port အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ပထမနေ့ကို ဇန်နဝါရီ ၁၇ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ Dagon Port အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တန်းတက် Dagon Port အသင်းအတွက် အဖိုးတန်နိုင်ပွဲဖြစ်ပြီး ယခုနိုင်ပွဲကြောင့် တန်းဆင်းဇုန်အန္တရာယ်မှ လွတ်ရန် အခြေအနေကောင်းသွားသည်။ မဟာယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်တစ်ပတ်တွင် ရန်ကုန်ယူနိုက်တက်အသင်းကို နောက်ကျဂိုးများဖြင့် သရေကစားနိုင်သော်လည်း ယခုပွဲတွင်မူ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

Dagon Port အသင်းသည် ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားများကို မသုံးဘဲ ပြည်တွင်းကစားသမားများဖြင့် ပွဲထွက်လာပြီး မဟာယူနိုက်တက်အသင်းမှာမူ အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့် ကစားသော်လည်း ၃၄ မိနစ်တွင် အာကာကျော်၏သွင်းဂိုးဖြင့် မဟာယူနိုက်တက်အသင်းက ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ၅၄ မိနစ်တွင် တိုးဆက်နိုင် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် Dagon Port အသင်း ချေပဂိုးရခဲ့ပြီး ၇၄ မိနစ်တွင် မိုဂူက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ သို့သော် သုံးမိနစ်အကြာတွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီသရေကျပြီး လက်ကျန်မိနစ်များမှာ အကြိတ်အနယ်ရှိခဲ့သည်။ Dagon Port အသင်းအတွက် အနိုင်ဂိုးကို ၈၄ မိနစ်တွင် လရောင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းမှ မျိုးဆက်ပိုင်က ရရှိသည်။

ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၂၀၊ Dagon Port အသင်းက ၁၆ ပွဲကစား ၁၅ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၆) ဒုတိယနေ့ကို ဇန်နဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MNL

# အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲတွင် မြန်မာအသင်း ရှုံးပွဲဆက်ပြီး ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) ခြေစစ်ပွဲအောင်မြင်

ရန်ကုန် ဇန်နဝါရီ ၁၇

၂၀၂၅ အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စု (D) ဒုတိယနေ့ကို ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ပြီး ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) အသင်းတို့ နှစ်ပွဲဆက်အနိုင်ရကာ ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

ဒုတိယနေ့တွင် ဗီယက်နမ်အသင်းက မကာအိုအသင်းကို ၂၁ ဂိုး-ဂိုးမရှိ၊ တရုတ်(တိုင်ပေ)အသင်းက မြန်မာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရန်အတွက် အကောင်းဆုံးအုပ်စုတတိယနေရာကိုသာ မျှော်လင့်ရတော့မည်ဖြစ်သည်။ နှစ်ပွဲဆက်ဂိုးပြတ်အနိုင်ရခဲ့သည့် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းသည် ထိပ်တိုက်မတွေ့ဆုံမီ ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်ပြီး အုပ်စုပထမနေရာအတွက်သာ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် တရုတ်(တိုင်ပေ)အသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရရန် ကြိုးပမ်းသော်လည်း ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးပေးခဲ့ရခြင်းဖြစ်သည်။

အုပ်စု (D) တွင် ဗီယက်နမ်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မြန်မာအသင်းနှင့် မကာအိုအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။ နောက်ဆုံးပွဲအဖြစ် ဇန်နဝါရီ ၁၉ ရက်တွင် ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ)၊ မြန်မာနှင့် မကာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF



မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# တောင်ပံကစားသမား စည်သူအောင် ထိုင်းလိဂ်-၂ ကလပ် Police Tero အသင်းသို့ ပြောင်းရွှေ့

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ့လက်ရွေးစင်ဟောင်း တောင်ပံကစားသမား စည်သူအောင်သည် ထိုင်းလိဂ်-၂ ကလပ် Police Tero အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

စည်သူအောင်သည် ထိုင်းလိဂ်သို့ တစ်ကျော့ပြန်ရောက်ရှိလာခြင်းဖြစ်ပြီး Police Tero အသင်းက ၎င်း၏အပြောင်းအရွှေ့သတင်းကို ဇန်နဝါရီ ၁၇ ရက်က တရားဝင်သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စည်သူအောင်သည် မြန်မာနေရှင်နယ်လိဂ်ကလပ်များဖြစ်သည့် ရန်ကုန်ယူနိုက်တက်၊ ရတနာပုံ၊ ရှမ်းယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်းများတွင် ကစားခဲ့ဖူးသူဖြစ်ပြီး ရန်ကုန်၊ ရတနာပုံ၊ ရှမ်းယူနိုက်တက် သုံးသင်းစလုံးနှင့် ချန်ပီယံဆုရယူနိုင်သည့် တစ်ဦးတည်းသော ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၉ ခုနှစ်တွင် ပြည်ပကလပ်များသို့ စတင်ပြောင်းရွှေ့ကစားခဲ့ပြီး ထိုင်းကလပ်များဖြစ်သည့် ချောင်ဘူရီအသင်း၊ အယုဒ္ဓယယူနိုက်တက်၊ ချိုင်းနတ်ယူနိုက်တက်နှင့် ဆာမတ်ပရာခန်အသင်းတို့တွင် ကစားခဲ့ကာ ယခုနှစ်တွင် Police Tero အသင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။ Police Tero အသင်းသည် ၂၀၁၈၊ ၂၀၁၉ ရာသီက မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး အောင်သူကို ခေါ်ယူခဲ့ဖူးသည်။

ကိုညီလေး

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဖော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ကလောမြို့၌ မာရသွန်ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှင်းလင်းတင်ပြ

**တောင်ကြီး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် မာရသွန်ပြိုင်ပွဲကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ယနေ့ မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့လာရောက်ရှင်းလင်းခြင်းကို တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ Myanmar ULTRA TRAIL RUN Association-MUTRA မှ တာဝန်ရှိသူ တစ်ဦးက ကလောမြို့ မာရသွန်ပြိုင်ပွဲအကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြိုင်ပွဲကျင်းပရက်သည် ရှမ်းပြည်နယ်နေ့နှင့် တိုက်ဆိုင်နေသဖြင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တက်ရောက်စေမည်ဖြစ်ကြောင်း၊ လိုအပ်သည်များရှိပါက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

အဆိုပါ ကလောမြို့မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး နံနက် ၅ နာရီတွင် ကလောမြို့ မောဦးပန်းခြံ နာရီစင်မှ တာလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# အထူးကုဆရာဝန်ကြီးများ ဒိုက်ဦးမြို့နယ်ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းဆေးကုသမှုများပြုလုပ်

**ဒိုက်ဦး ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှူးနှင့် ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေး ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဒိုက်ဦးမြို့နယ်အတွင်းရှိ ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။



အဆိုပါ ကွင်းဆင်းဆေးကုသမှု ပြုလုပ်ရာသို့ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် ဒိုက်ဦးမြို့ ပြည်သူ့ဆေးရုံအုပ်ကြီးတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဒိုက်ဦးမြို့နယ်အတွင်းကွင်းဆင်းဆေးကုသမှုများ ပြုလုပ်ပေးရာတွင် အထွေထွေရောဂါ လူနာ ၉၂ ဦး၊ ခွဲစိတ်လူနာ ၃၈ ဦး၊ သားဖွားမီးယပ်လူနာ ရှစ်ဦး၊ ကလေးလူနာ ၂၂ ဦး၊ အရိုးလူနာ ၇၉ ဦး၊ မျက်စိလူနာ ၈၉ ဦး၊ အရေပြားလူနာ ၄၂ ဦး စုစုပေါင်း လူနာ ၃၇၀ ကို ဆေးကုသမှု ပြုလုပ်ပေးနိုင်ခဲ့ပြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် တစ်သျှူးကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး ဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂)စီမံကိန်းဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်တောင်သူများအတွက် တစ်သျှူးကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကင်ပွန်းတောင်ကျေးရွာ ကြံစိုက်ကွင်းတွင် ပြုလုပ်ခဲ့ပြီး ကြံသီးနှံကျွမ်းကျင်ပညာရှင်များက ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ နည်းပညာများ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တောင်တွင်းကြီးမြို့နယ်ရှိ ကြံစိုက်ပျိုးသည့် ကျေးရွာအုပ်စုများမှ ကြံစိုက်တောင်သူများ စုစုပေါင်း ၇၀ ကျော် တက်ရောက်ကြပြီး ကြံသီးနှံအထောက်အကူပြုပစ္စည်းများကို ကြံစိုက်တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်္ဂပူမြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အသိပညာပေးဆွေးနွေးပွဲနှင့် လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်လှစ်

**အင်္ဂပူ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း အသိပညာပေး ဆွေးနွေးပွဲနှင့် လုပ်ငန်းလမ်းညွှန် သင်တန်းဖွင့်ပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယဦးစီးမှူး ဒေါ်နန့်နွယ်နှင်းမိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရီက Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် ကာကွယ်ဆေး တစ်ကြိမ်မှ မရရှိသေးသော အသက် တစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ်များနှင့် ကာကွယ်ဆေး အကြိမ်ပြည့် မရရှိသေးသော အသက် တစ်နှစ်မှ ငါးနှစ်အောက် ကလေးငယ်များ မကျန်ရှိစေရေး အတွက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ Big Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို သုံးကြိမ်၊ နှစ်လစီခြား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အင်္ဂပူမြို့နယ်တွင် ပထမအကြိမ်ကို ဇန်နဝါရီ ၂၀ ရက်မှ ၃၀ ရက်အထိ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**တိုက်ကြီး ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် အမှတ်(၆၁) ယာဉ်ထိန်းတပ်ဖွဲ့စု ဒုတိယရဲမှူးဇော်လင်းထွန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူး၊ အထက်တန်းပြဆရာမ ဒေါ်အေးအေးသန်းက လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ဟင်္သာတမြို့နယ်၌ Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း အသိပေးရှင်းလင်း

**ဟင်္သာတ ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ အသက် တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များကို Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း အသိပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင်က အသက်တစ်နှစ်မှ ငါးနှစ်အရွယ် ကလေးငယ်များအား Catch-up



နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ မြေကွက်အမှတ်(၃၁၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧကရှိ **ဒေါ်ခင်ဝင်း(EJ-၀၀၈၇၉၇)**အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏ (လမ်းမှ မြေကွက်အား မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ **ဒေါ်နီလာဇင် [၁၄/လပတ(နိုင်)၁၇၀၀၅၄]**က ၎င်းသာလျှင် တရားဝင် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်း လာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဇင်မာခိုင် [၇/ကပက(နိုင်)၀၈၈၂၄၅]** မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မင်းသူနန္ဒီဖြိုး** | **ဒေါ်စုစုမွန်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၄၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၆)** |
| **[LL.B,D.I.P.L,DL-101** | **[LL.B,D.B.L,D.I.L,D.I.P.L,DL-101** |
| **WIPO(Switzerland)]** | **WIPO(Switzerland)]** |

**ဖုန်း - ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်-၃၀၂(၁၂+၁)၊ Parami Condorniniurn၊ ဦးသင်းဖေလမ်း၊**
**(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ပြည်လမ်းနှင့် လှည်းတန်းလမ်းဆုံရှိ လှည်းတန်းစင်တာမှ Basement-1 ရှိ ဆိုင်ခန်းအမှတ် (၇ နှင့် ၈) (၉၃၂.၈-စတုရန်းပေ)အား ဦးမောင်ယုံ အမည်ဖြင့် ပြန်လည်ရရှိခဲ့ပြီး ခင်ပွန်းဖြစ်သူ ဦးမောင်ယုံမှာ ကွယ်လွန် သွားပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်သန်းသန်းနွယ်[၁၂/ကမရ(ဧည့်)၀၀၀၀၃၇] မှ အဆိုပါဆိုင်ခန်းအမှတ် (၇ နှင့် ၈)အား ပိုင်ဆိုင်မှုစာအုပ် ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိ ကန့်ကွက်ခြင်းမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှုစာအုပ်ထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ အောင်တော်မူပန်းခြံ၊ ယောမင်းကြီးလမ်း၊ အမှတ်(၂၇၆/က)ဟုခေါ်တွင် သော အကျယ်အဝန်း(၂၀x၆၀)ပေအကျယ်ရှိ နေအိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည့် ဦးဇော်ဝင်းနိုင်ထံမှ ဒေါ်သင်းသင်းအေး [၁၂/ရပသ(နိုင်)၁၀၉၁၂၅]က (၂၃-၁၁-၂၀၁၇) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်အရ တရားဝင်ပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စောနှင်းအေး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ စဉ်-၁၅၅၁၂ (၂၇-၆-၂၀၁၉)**
**အမှတ်-(၂၄/ခ)၊ ဗိုလ်မင်းရောင်လမ်း၊ ဇောတိကပန်းခြံ၊**
**(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**Ph:09-779692704, 09-443091848**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးစိုးအောင် [၈/သရန(နိုင်)၁၁၆၆၉၀] နှင့် ဒေါ်သဇင်ဦး [၁၂/ဒဂတ(နိုင်)၀၉၇၅၁၇]တို့သည် ၂၀၂၂ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှု မရှိတော့ပါသဖြင့် (၁၂-၁-၂၀၂၅) ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲခြင်းကတိပြုစာချုပ် ချုပ်ဆိုကွာရှင်းခဲ့ကြပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဇင်ဆွေ LL.B, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄၉)**
**အမှတ်(၉၆)၊ လေးထောင့်ကန်လမ်းမကြီး၊ ဆ/က ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၁၁၈၈၃၈၂၊ ၀၉-၇၇၄၄၃၃၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ပြည်လမ်းနှင့် လှည်းတန်းလမ်းဆုံရှိ လှည်းတန်းစင်တာမှ တိုက်ခန်းအမှတ် (၃၂၁) (၆၅၀.၈၀ စတုရန်းပေ)နှင့် ဒုတိယထပ်၊ ဆိုင်ခန်းအမှတ်(၅) (၈၀၀. ၉၇ စတုရန်းပေ)အား ဒေါ်ခင်ထွေးအမည်ဖြင့် ပြန်လည်ရရှိခဲ့ပြီး ဒေါ်ခင်ထွေး နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်ကြည်တို့မှာ အသီးသီးကွယ်လွန်သွားပြီဖြစ်၍ တစ်ဦးတည်းသားဖြစ်သူ ဦးဝင်းသူ [၁၂/ကမရ(နိုင်)၀၃၄၉၁၂]မှ အဆိုပါ အိမ်ခန်းနှင့် ဆိုင်ခန်းအား ပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဌာနမှ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှုစာအုပ်ထုတ်ပေးခြင်းကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး**

## ပိုင်ရှင်အမည်ပေါက် ခြံမြေများရောင်းမည်

ပိုင်ရှင်အမည်ပေါက် ခြံမြေကို ဈေးနှုန်းသင့်တင့်စွာ ရောင်းချပေးပါမည်။ (၂၀ ပေ x ၆၀ ပေ)၊ (၂၀ ပေ x ၅၀ ပေ) နှင့် (၄၀ ပေ x ၅၀ ပေ) ရှိ လှည်းကူးမြို့၊ ကျွန်းကလေး၊ ရန်ကုန်-ပဲခူးလမ်းမကြီးမှ (၁)မိနစ်အဝင် ဂုတ်ခြံ၊ အာဇီဝမှတ်တိုင်အနီး။

**ဆက်သွယ်ရန်ဖုန်း - ၀၉-၇၅၅၆၁၄၇၉၄၊**
**၀၉-၆၈၈၂၀၅၃၇၇၊ ၀၉-၆၆၆၁၁၄၂၁၁၊ ၀၉-၆၈၆၅၇၈၈၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၀)ဈေးချို၊ ဦးပိုင် အမှတ်(၂/ဟ)၊ ဧရိယာ(၀.၀၂၂)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက် ပေါ်ရှိ အမှတ်(၃၇-က)၊ ကျိုက္ကမီလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦတို့သည် မော်လမြိုင်မြို့နယ် မြေစာရင်း ဦးစီးဌာန မှတ်ပုံတင် (၁-က)စာရင်းတွင် ဦးသောင်းညွှန့်အမည်ပေါက်ပါသည်။ ဦးသောင်းညွှန့်၏ အမွေစားအမွေခံများ အမွေမှုဖြစ်ရာမှ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၏ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၅ တွင် အထက်ဖော် ပြပါ အိမ်နှင့်မြေနေရာကို ဦးမင်းသိမ်းမှ အမွေအဖြစ်ရရှိခဲ့ပါသည်။ ထိုသို့ရရှိ ပြီးနောက် ယခုအခါ ဦးမင်းသိမ်းက ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက် အထားများနှင့်အတူ ကြေညာစာပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးမင်းသိမ်းမှ ၎င်း၏ အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ အုပ်စု (RA-1)၊ အကွက်အမှတ်(တ-၀၂)၊ ရန်ကုန်မြို့သစ်လမ်း၊ မြေကွက်အမှတ် (၂၈၈၈)၊ ဧရိယာ (၄၀x၆၀)ပေရှိ စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယာယီမြေပေးအမိန့်အမှတ် (၂၉၀၂/ ၂၀၂၀)အရ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံ ကတိပြုသူ ဦးညွှန့်ဝင်း [၁၂/တတန(နိုင်)၀၉၇၆၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ် ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝါဝါခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ အုပ်စု (RA-1)၊ အကွက်အမှတ်(တ-၀၂)၊ ရန်ကုန်မြို့သစ်လမ်း၊ မြေကွက်အမှတ် (၂၈၉၄)၊ ဧရိယာ(၄၀'x၆၀')ရှိ စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယာယီမြေပေးအမိန့်အမှတ်(၂၉၀၈/၂၀၂၀) အရ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိ ပြုသူ ဒေါ်ဌေးဌေးရီ [၁၂/တတန(နိုင်)၀၅၅၅၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ် ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါခိုင် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ အုပ်စု (RA-2)၊ အကွက်အမှတ်(တ-၀၂)၊ ရန်ကုန်မြို့သစ်လမ်း၊ မြေကွက်အမှတ် (၁၇၁၃)၊ ဧရိယာ(၃၄'၁၁" x ၆၀')ရှိ စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယာယီမြေပေးအမိန့်အမှတ်(၁၇၅၇/ ၂၀၂၀)အရ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံ ကတိပြုသူ ဦးလှသိန်း[၁၁/ရဗန(နိုင်)၀၆၁၇၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ် ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခု ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါခိုင်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၅)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၁၀၇၇၁၉**

## မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို)

ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၏ (၄. ၁၁. ၂၀၂၄) ရက်စွဲပါ စာအမှတ်-၁/ပြည်တွင်း/၀၀၉၅ (၂၀၂၂)ဖြင့် မှတ်ပုံတင်ပြီး
တတိယထပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အဦ
ဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၇၇၅၅၅၂၈၇၇၂
E-mail: myanmarveterinaryassociation@gmail.com

## ကြော်ငြာစာ

**"Honoring the Past, Shaping the Future: Myanmar Veterinarians beyond the Golden Jubilee"**
**"မြန်မာ့မွေးမြူဆေးကုရွှေရတုမှသည်ပုံဖော်ထုဆစ် အနာဂတ်သစ်ဆီသို့"**

သို့

တိရစ္ဆာန်ဆေးပညာဘွဲ့ရ တိရစ္ဆာန်ဆေးကုဆရာဝန်များ(အားလုံး)

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (ဗဟို)၏ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်နှင့် (၁၆)ကြိမ်မြောက် ညီလာခံအခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ် အတိုင်း ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်သွားရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | ။ | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်၊ (စနေနေ့)နှင့် (၂၆) ရက်၊ (တနင်္ဂနွေနေ့) |
| အချိန် | ။ | နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ |
| နေရာ | ။ | အင်းယားလိတ်ဟိုတယ်ဝင်း၊ Yangon Convention Centre (YCC)၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်။ |
| ညီလာခံကြေး | ။ | ကျပ် ၂၅,၀၀၀ တိတိ (ကျပ်နှစ်သောင်းငါးထောင်တိတိ) |
| မှတ်ပုံတင်ရန် | ။ | အောက်ပါနည်းလမ်းများဖြင့်မှတ်ပုံတင်နိုင်ပါသည်။ - ကြိုတင်မှတ်ပုံတင်ခြင်း (Online-Viber/In person) - ညီလာခံကျင်းပသည့်နေ့တွင် မှတ်ပုံတင်ခြင်း |
| မှတ်ချက် | ။ | ညစာစားပွဲအား ဇန်နဝါရီလ (၂၅)ရက်၊ ညနေ ၆ နာရီတိတိတွင် NOVOTEL HOTEL၊ ပုသိမ်ခန်းမတွင် ကျင်းပပြုလုပ်ပါမည် |
| ဆက်သွယ်ရန် | ။ | **ပင်တိုင်ဆက်သွယ်ရန်** ဒေါ်မြတ်နိုးသူ၊ ဖုန်းနံပါတ် - ၀၉-၇၇၅၄၅၂၈၇၂ (ဖုန်းဆက်သွယ်ရန်) အေးသန္တာလင်း၊ဖုန်းနံပါတ်-၀၉-၇၇၅၄၅၂၈၇၂(Kpay ဖြင့် ငွေလွှဲပါက အသုံးပြုရန်) **စုံစမ်းရန်** ဒေါက်တာသန်းမြင့်၊ ဖုန်းနံပါတ် - ၀၉-၂၅၄၃၄၃၂၃၂ ဒေါက်တာစောထူးသာဖိုး၊ ဖုန်းနံပါတ် - ၀၉-၂၅၀၁၆၇၃၄၀ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်(၁၃၃)၊ အကျယ်အဝန်းဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ လင်းပင်လမ်း၊ အမှတ်(၁၃၃)ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံး တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်စီအမည်ဖြင့် တရားဝင်အမည်ပေါက် ထားပြီး အမည်ပေါက်ထားသူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများ ဖြစ်သည့် ၁။ ဦးမျိုးဇော် [၁၂/ဥကမ(နိုင်)၂၀၁၆၈၄]၊ ၂။ ဦးအောင်ရဲကျော် [၁၂/အလန(နိုင်)၀၄၉၄၈၈]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ --**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၉၂၁၂)** | **(စဉ်-၅၆၅၆၆)** | **(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## အများသိစေရန်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ်(၁၁၈၉)၂၄၀၀စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၁၁၈၉)၊ ဧရာ(၂၂)လမ်း၊ (ည)ရပ်ကွက်၊ ဒေါ်ငွေရှင်(CE-114028၊ ဦးသွင်ဦးN/OKA- 070089)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ-ဒေါ်ငွေရှင်ထံမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်- ၄၂၆၈/၂၄ (၂၃-၅-၂၀၂၄)ဖြင့် ပိုင်ဆိုင်သူ-ဦးဌေးကြည် [၁၂/ဥကမ(နိုင်)၀၈၂၅၅၉]နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ- ဦးသွင်ဦးထံမှ GP လွှဲစာအမှတ်-၇၄၉၅/၂၀၁၇/၉-၈-၂၀၁၇ ဖြင့် ရရှိသူ-ဒေါ်စန်းစန်း [၁၂/ဥကမ(နိုင်)၁၀၇၆၆၂] တို့မှ ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်၍ ကန့်ကွက်သူမရှိသော ကြောင့် အမှုတွဲအမှတ်-မဥ/ဂရန်မိတ္တူ-၂၀၂၄၀၂၀၃၅၇/၂၀၂၄(၅-၆-၂၀၂၄)ဖြင့် ဂရန်မိတ္တူမှန်လျှောက်ထားခြင်းကို ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်းတွင် မြေငှားစာချုပ်အမှတ်-မဥ/ည-၆၃/၂၁-၉-၉၃ ဖြင့် ထုတ်ပေးထားသည့် မူရင်းဂရန်ကို ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ ဝေဇယန္တာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ် (၁)၊ အခန်းအမှတ်(၀၀၈)ကို မူလ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဝင်း [၁၂/တမန(ဧည့်)၀၀၀၀၁၃] ထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်နှင်းမိုးခင် [၇/ညလပ(နိုင်)၀၂၈၆၉၃]က ၎င်းအမည် ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင် စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြ လျှောက်ထားလာခြင်းကို ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက် အတွင်း စာရွက်စာတမ်းအထောက် အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက် နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင့်နန္ဒာလွင် MF-249592 (ဘ) ဦးစိန်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးဉာဏ်ထက်ကျော် MH-128418 (ဘ) ဦးမြင့်ဦးနှင့် ဒေါ်ဝင့်နန္ဒာလွင် MF-249592 (ဘ) ဦးစိန်ဝင်းတို့သည် (၂၆-၂-၂၀၂၃)ခုနှစ်မှစ၍ တရားဝင်အကြင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားသမီးထွန်းကားခဲ့ခြင်း မရှိပါ။ ထိုသို့ ပေါင်းသင်းနေထိုင်လာပြီးနောက် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သောကြောင့် (၁၄-၁-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းကတိစာချုပ်နှင့် သတင်းစာတွင် ထည့်သွင်းကြော်ငြာရန်အတွက် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်တို့ကို အသိ သက်သေများရှေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့ နှစ်ဦး သဘောတူ ကွာရှင်းပြီးသည့်အချိန်မှစ၍ ဦးဉာဏ်ထက်ကျော်နှင့် ဒေါ်ဝင့်နန္ဒာလွင် တို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း၊ အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၈၉၄)**
**အမှတ်-၁၄၆/ဘီ၊ မုဒိတာအိမ်ရာ-၁၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၀၉၁၅၈၈၊ ၀၉-၇၅၉၆၉၇၅၉၈**

## အများသိစေရန် ကြေညာခြင်း

